
# စိတ်ဆိုးသွားသောနတ်ပြက်ကလေး

နှင့်

## ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)

ကြွပ်ကလေး


mgyoe.com
mgyoe.com

mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

**ကြုပ်ကလေး ၏ ဟာသပုံပြင်များကို**

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နားခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)
သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)
ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)
ဒဂ်ီးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)
ရွှေ့ရွှေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
ကိုယ်ပျောက်ကြက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

**စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ**

KKL0007
1,000.00 KS

mgyoe.com

mgyoe.com

စိတ်ဆိုးသွားသောနတ်ပြက်ကလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၅၆၀၉၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၀၁၄၀၃၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း Mg Mg ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ တွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

၃၉၈ . ၂

ကြပ်ကလေး

စိတ်ဆိုးသွားသောနတ်ပြက်ကလေးနှင့်ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)/ကြပ်ကလေး။

- ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၁၀ မျက်နှာ၊ ၁၂ . ၅ စင်တီ× ၁၈ . ၃ စင်တီ

(၁)စိတ်ဆိုးသွားသောနတ်ပြက်ကလေးနှင့်ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)

mgyoe.com

mgyoe.com

## မာတိကာ


၁။ စိတ်ဆိုးသွားသော နတ်ပြက်ကလေး ၁

၂။ ဖိနပ်ကလေးတစ်ဖက် ၁၉

၃။ တစ်လုံး နှစ်လုံး သုံးလုံး ၄၀

၄။ လေလွင့်ဦးထုပ် ၅၉

၅။ ရေပုံးဖိနပ်သံမီးညှပ် ၇၆

၆။ သစ္စာရှိသော ကိုပုတို ၉၆

၇။ ပုရွက်ဆိတ်ညို ၁၁၆

၈။ ဗိုက်ပူနံကား ၁၃၈

၉။ ထူးခြားသော လူမည်းကြီး ၁၅၆

၁၀။ ကလေးပေးတတ်သော နတ်သမီး ၁၇၇

၁၁။ သစ်ရွက်ကလေး မယ့်ချစ်သူ ၁၉၆


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## စိတ်ဆိုးသွားသော နတ်ပြက်ကလေး

"မွဲပြာပြာ"တိုင်းပြည်မှ မင်းသားကလေး ကြည်သာသည် နာမည်နှင့်ဆန့်ကျင်ဘက်ဖြစ်အောင်ပင် မကြည်မသာဖြစ်နေပေသည်။ အကြောင်းတော်ကား ယနေ့နံနက်ဆယ်နာရီခန့်တွင် "ငွေဗိမာန်"တိုင်းပြည်မှ မင်းသမီးကလေးလှကညာသည် ခမည်းတော်ဘုရင်ကြီးရှေ့တွင် ကြင်ဘက်တော်ကို ရွေးရတော့မည်ဖြစ်၏။ မင်းသမီးကလေး၏ ကြင်ဘက်တော်ဖြစ်ရမည့်သူမှာ လှကညာမင်းသမီးကလေးကလည်း သဘောကျသူဖြစ်ရမည်။ ခမည်းတော်ဘုရင်ကြီးကလည်း သဘောကျသူဖြစ်ရမည်။ ထိုမှသာ မင်းသမီးကလေး၏ ကြင်ဘက်တော်ဖြစ်နိုင်ပေမည်။

မင်းသားကလေးကြည်သာနှင့် မင်းသမီးကလေးလှကညာသည် တက္ကသီလာပြည်ကြီး၌ ပညာသင်ခဲ့ကြစဉ်က ချစ်ခင်ခဲ့ကြ၏။ ထို့ကြောင့် ယနေ့အချိန်မီ မင်းသားကလေးကြည်သာရောက်ခဲ့လျှင် မင်းသမီးကလေးကတော့ ပန်းကုံးစွပ်မည်မှာ မုချဖြစ်၏။

သို့သော် . . ။

အလွန်မွဲလှသော ကြည်သာမှာ အဝတ်အစားများလည်း ညှိုး

mgyoe.com

mgyoe.com


နွမ်းသည်။ ပြီးတော့ စီးသွားစရာ မြင်းလည်းမရှိ၊ သူ့ဖခင်အုပ်ချုပ်ရသော တိုင်းပြည်ကလေးမှာ သေးငယ်လှသဖြင့် ငွေဗိမာန်တိုင်းပြည်သို့သွားရာ လမ်းမှသံမနိုင် နယ်စားကြီးလောက်ပင် မချမ်းသာချေ။ ဆင်းရဲမွဲတေလှသော မင်းသားမျိုးကို ငွေဗိမာန်ဘုရင်ကြီးကဘယ်လိုမှ သဘောကျနိုင်မည်မဟုတ်ချေ။

သို့ဖြစ်သောကြောင့် မင်းသားကလေးကြည်သာသည် မကြည်မသာဖြစ်နေရပေတော့၏။

ထိုအခိုက်တွင် နတ်ပြည်မှ ဒယာဒေဝီနတ်သမီးသည် လူ့ပြည်ကို ငုံ့ကြည့်လိုက်သည်။ ဤနတ်သမီးသည် လူသားများအပေါ်သနားကြင်နာတတ်သောကြောင့် ဒယာမင်းသမီးဟု ခေါ်တွင်ခြင်းဖြစ်၏။ "ဒယာ"ဟူသော ပါဠိစကား၏ အဓိပ္ပာယ်မှာ "သနားခြင်း" ဖြစ်သည်။

သို့သော် ဒယာဒေဝီသည် လူတိုင်းကိုတော့ သနားသည်မဟုတ်ပါ။ စိတ်ထားကောင်းမွန်ပြီး ပညာကို ကြိုးစားသင်ကာ ဘုရား တရား သံဃာ ဆရာမိဘတို့ကို ရိုသေသူဖြစ်မှသာလျှင် ထိုသူမျိုး ဒုက္ခကြုံတွေ့နေသည်ကို တွေ့လျှင် သနားတတ်၏။ ဒယာဒေဝီသည် သနားစိတ်ဖြစ်ပေါ်လာလျှင်လည်း ကူညီတတ်စေသည်။

ကြည်သာ မင်းသားကလေးသည် ဒယာဒေဝီနတ်သမီးကြင်နာသနားနိုင်သော လူစားမျိုးထဲတွင် အပါအဝင်ဖြစ်၏။ သို့ဖြစ်သောကြောင့် ယခုကဲ့သို့ ကြည်သာမင်းသားကလေး မှိုင်တွေနေသည်ကို မြင်သောအခါ ဒယာဒေဝီနတ်သမီးသည် အစေအပါးဖြစ်သော ဒါနနတ်သားတစ်ပါးကို မင်းသားလေးအဘယ်ကြောင့် စိတ်ညှိုးငယ်နေရသည်ဆိုခြင်းအကြောင်းရင်းကို စုံစမ်းရန်စေလွှတ်လိုက်၏။

mgyoe.com

mgyoe.com


ကြည်သာမင်းသားကလေးသည် ချောင်းကလေးနံဘေးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်၍ ရေတွေကို ကြည့်ကာငေးမှိုင်နေစဉ် ဒါနနတ်သားသည် သူ့အနားတွင် ဖြုတ်ခနဲ ပေါ်လာလေ၏။

မင်းသားကလေးသည်လည်း အလန့်တကြားဖြစ်သွား၏။

"ဟောဗျ . . ခင်ဗျားက ဘယ်ကပေါက်လာတာလဲ"

"ကျုပ်က သစ်ပင်မှ မဟုတ်တာ ပေါက်လာပါ့မလားဗျ၊ အဲ . . အီးဆိုရင်လည်း ပေါက်ချင်ပေါက်မှာပေါ့လေ"

"ဟာ . . စိတ်ညစ်ရတဲ့အထဲ ဘာတွေလာပြောနေတာလဲဗျာ။ ကျွန်တော်ဟာ ခင်ဗျားရဲ့ ရန်သူလည်းမဟုတ်ပါဘူး။ ဒီတော့ ကျွန်တော့်ကို မနှောင့်ယှက်ပါနဲ့ဗျာ"

ထိုအခါ နတ်သားသည် အားရပါးရအော်၍ရယ်မိတော့၏။

"ဟမလေးဟ . . ဟမ်း၊ ဖြစ်မှ တဖျစ်ဖျစ်မြည်လိုက်လေ၊ ခင်ဗျားကို နှောင့်ယှက်မလို့ မဟုတ်ဘူး၊ မ,မလို့လာတာ မ,မလို့ လာတာဗျ"

"ဗျာ . . ကျွန်တော့်ကို ဘာဖြစ်လို့မ,ရမှာလဲ။ ကျွန်တော်ထိုင်နေတဲ့အောက်က ကျောက်တုံးကြီးကို ရွှေ့ချင်လို့လား"

"ဟာ . . ကျုပ်က နတ်သားဗျ၊ လမ်းခင်းတဲ့ အကောင်မဟုတ်ဘူး။ ကျောက်တုံးကို ဘာလုပ်ဖို့ ရွှေ့ရမှာလဲ"

"သိပါဘူးဗျာ . . . ကျောက်တုံးအောက်မှာ ခင်ဗျားရဲ့ ခြေမများ ပိနေသလားလို့ပါ"

"လာပြန်ပါပြီကော . . ခြေမ ပိနေမှတော့ စောစောလို အော်ပြီးရယ်နိုင်ပါ့မလား မင်းသားရဲ့"

"အော် . . စောစောကဟာ ရယ်တာကိုး"

mgyoe.com

mgyoe.com


"ရယ်တာပေါ့ဗျ၊ ခင်ဗျားက ဘာလုပ်တာမှတ်လို့လဲ"

"ဝါးဟားဟားဟားဆိုတော့ အိပ်ချင်လို့ လာသမ်းနေတယ်မှတ်လို့"

"သေလိုက်ပါတော့ ငါ့ကိုယ်လေး"

"အခုဟာကော .. ရယ်တာပဲလား"

"ညည်းတာဟော့ .. ညည်းတာ၊ အဖျားတက်နေတယ်လို့လည်း မှတ်မနေနဲ့ဦး၊ အင်း .. ဒါကြောင့်လည်း ဒယာဒေဝိက သနားတာကိုး။ ပုံပန်းကလည်း သနားချင်စရာပဲ သနားစရာကောင်းလိုက်တာမှ နဖူးရော၊ ဒူးရော၊ တံတောင်ရော၊ လက်သီးရော၊ ဖနောင့်ရော ဆင့်ဆင့်ပြီး ပစ်သွင်းစရာကောင်းအောင်ပဲ သနားသင့်နေပြီကော"

"အခုဟာက ရယ်တာလား .. ကျိန်တာလား"

"သေငယ်ဇောနဲ့ ဆန့်ငင်ဆန့်ငင်ဖြစ်နေတာဟော့၊ ကဲပါလေ ကြာပါတယ်။ ကျုပ်လာတဲ့ ကိစ္စကိုပြောမယ်"

"ဩော် .. ကိစ္စရှိလို့ လာတာကိုး"

"ဟဲ .. ကိစ္စရှိလို့ လာတာပေါ့၊ ကိစ္စမရှိဘဲနဲ့ မင်းသားရဲ့ မှိုင်တွေချနေတဲ့ ကျက်သရေမဲ့ မျက်ခွက်ကြီးကို ထမင်းအဆာခံပြီး ဘာဖြစ်လို့ လာကြည့်နေရမှာလဲ၊ ကိုင်း .. မှန်မှန်သာပြောပေတော့"

"မှန်မှန်ပြောရမယ်ဆိုတော့ မြန်လည်းမမြန်ဘူး။ နှေးလည်း မနှေးဘူးပေါ့နော်"

"လိမ်မပြောနဲ့လို့ ပြောတာဗျို့ ကဲပါလေ .. ခင်ဗျားစိတ်ညစ်နေတာ သေချာတယ်"

mgyoe.com

mgyoe.com


"သိပ်သေချာပါတယ်"

"အဲ . . မှန်မှန်သာပြော၊ ဘာဖြစ်လို့ စိတ်ညစ်နေတာလဲ"

"မပျော်လို့ပါ"

ဒါနနတ်သားသည် သူ့နဖူးကို သူ့လက်ဝါးနှင့်ရိုက်မိကာ မေ့လဲမကျသွားအောင် အတော်ပင်ထိန်းသိမ်းထားလိုက်ရတော့သည်။

"စိတ်ညစ်ပါတယ်ဆိုကတည်းက မပျော်လို့မှန်းတော့ သိတာပေါ့၊ ဘာဖြစ်လို့ မှိုင်နေရတယ်၊ ဘာအလိုမပြည့်ဘူးဆိုတာတွေကို ပြော၊ အခုဟာက ကျုပ်ကို ဒယာဒေဝီနတ်သမီးက ငိုင်းလို့လာတာ၊ ခင်ဗျားအလိုပြည့်ရမယ်"

ဒါန နတ်သား၏ စကားကိုကြားရသောအခါ ကြည်သာမင်းသားကလေးသည် များစွာပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး သူ့အဖြစ်သနစ်ကို ပြန်ပြောပြသည်။ သို့ဖြင့် ဒါနနတ်သားသည် နတ်ပြည်သို့ ပြန်ကာ ဒယာဒေဝီအား အကြောင်းစုံလျှောက်တင်လေ၏။

ထိုအခါ ဒယာဒေဝီသည် သူ၏တန်ခိုးဖြင့် သက်တန့်တံတားကြီးကို ထိုးပေးသည်။ တံတား၏ တစ်ဖက်စသည် နတ်ပြည်မှ တဖြည်းဖြည်းကျလာ၍ ကြည်သာမင်းသားလေး၏ ဘေးသို့ရောက်၏။ ထိုတံတား၏ တစ်ဖက်သော အစသည်လည်းနတ်ပြည်မှ တဖြည်းဖြည်းကျ၍ ငွေဗိမာန်နန်းတော်ရှေ့သို့ကျလာသည်။

ကြည်သာမင်းသားကလေးသည် ဝမ်းသာအားရ သက်တန့်တံတားကြီးတစ်ဖက်သို့ တက်လိုက်မိသည်နှင့်တစ်ပြိုင်နက်သူသည် တငြိမ့်ငြိမ့်ဇရွှ့လျားသွားလေတော့သည်။ သို့သော် စောစောကတစ်ဖက်သောအစသည် နတ်ပြည်မှထိုးကျခဲ့စဉ်က အမှတ်မဲ့ထိုင်နေသော နတ်ပြက်ကလေးတစ်ပါးကို တိုက်၍တွန်းရွှေ့သွားသည်

ဖြစ်ရာ အဆိုပါ နတ်ပြက်ကလေးမှာ ယက်ကန်ယက်ကန်နှင့် လူ ပြည်သို့ ရုန်းရင်းကန်ရင်းရောက်လာလေ၏။ နတ်ပြက်ကလေး သည် ဒေါပွစွာဖြင့် ရုန်းကန်နေရာက ဒလိမ့်ခေါက်ကွေးမြေပေါ်သို့ အကျတွင် ပြန်ထမည်ပြု၏။ သို့သော် သက်တန့်တံတားပေါ်မှ ဆင်း လာသောကြည်သာမင်းသားကလေးသည်သူ့ကိုမမြင်ဘဲနှင့် ဇက်ပိုး ကိုနင်း၍ ဆင်းသွားလေရာ နတ်ပြက်ကလေးမှာ လေးဘက် ထောက်မိရာက လျှောခနဲ ပြားဝပ်သွားရပြန်လေ၏။

ပန်းကုံးကြီးကို ကိုင်၍ စွပ်တော့မည်ပြုခါမှ ချစ်ရသူကြည်သာ မင်းသားလေးကို ရှာမတွေ့သဖြင့် လှကညာ မင်းသမီးလေးမှာ ပန်းကုံးကြီးတကိုင်ကိုင်နှင့် ယောင်ချာချာဖြစ်နေရှာသည်။ အစွပ်ခံ ချင်နေကြသည့် မင်းသားများမှာလည်း စွပ်ပါစေတော့ဟူ၍ လည် တိုင်တွေဆန့်ခနဲ ဆန့်ခနဲပြုထုတ်ကြရာ မင်းသားတစ်ပါးမှာ ဇက် ကြောထောက်ခနဲတင်သွားသဖြင့် "အင်း"ဟုအော်ကာ ရှုံ့မဲ့သော မျက်နှာနှင့် ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေလေတော့၏။

စွပ်တော့မလား စွပ်တော့မလားနှင့် အသည်းတဖိုဖို ကြည့်နေ သော ငွေဗိမာန်ဘုရင်ကြီးသည် ကြာတော့ စိတ်မရှည်နိုင်အောင် ဖြစ်ရလေသည်။

"ဟ . . ဘယ်လိုလဲ သမီးတော်ရဲ့၊ အညောင်းပြေ အညာပြေ လမ်းလျှောက်တာဆိုရင် ပန်းကုံးကြီးကို အသာချထားပေါ့၊ ခုတော့ နင့်ဟာက ခုပဲ ဂွပ်ခနဲ စွပ်တော့မလား . . စွပ်တော့မလား ဆိုပြီး ငါက ဖင်တကြွကြွဖြစ်နေတာ ကြာရင်ငါဟာ ရာဇပလ္လင်ပေါ်က ကျွမ်းပျံကျလိမ့်မယ်နော်"

ခမည်းတော်က မကျေနပ်သည့်လေသံဖြင့် နှိုးဆော်လိုက်သော

mgyoe.com

အခါ လှကညာ မင်းသမီးကလေးသည် ပို၍အကျပ်ကျသွားကာ မျက်ရည်လေးများပင် ဝိုင်း၍လာလေတော့သည်။

ထိုအခိုက်တွင် ကြည်သာမင်းသားကလေးသည် နန်းရင်ပြင်သို့ ဘွားခနဲရောက်ရှိလာလေရာ ပရိသတ်များမှာ "ဟယ်"ခနဲဖြစ်သွားရ၏။

ကြည်သာမင်းသားကလေး၏ တစ်ကိုယ်လုံးမှာ သက်တန့်ရောင်တို့ဖြင့် လှပဝေဆာစွာ တပြောင်ပြောင် တလက်လက်ဖြစ်နေလေတော့သည်။ ထိုကဲ့သို့ ကြည်သာမင်းသားကလေးသည် လှကညာမင်းသမီးကလေး၏ ရှေ့ဝယ်ရင်ကော့၍ဝင့်ကြွားစွာ ရပ်တည်မိသည့် ခဏဝယ် နတ်ပြက်ကလေးသည် မြေကြီးပေါ်မှ လူးလဲထလာနိုင်တော့၏။

သူသည် အလွန်ပင်စိတ်ဆိုးသွားသည်။ သူ့ဘာသာသူ နတ်ပြည်၏ အစွန်း တိမ်တိုက်တစ်ခုဝယ် ထိုင်နေစဉ် သက်တန့်၏ အပိုင်းအစွန်းကြီးသည် သူ့တင်ပါးကို နောက်ကနေပြီး လာထိုး၍ တွန်းချခဲ့၏။ တစ်ဖန် မြေပြင်ပေါ်သို့ နတ်ပြက်ကျမကျဘဲ ခွေးကျ ကျသွားသဖြင့် "ပြီးတာတွေပြီးပါစေတော့"ဟု ကျေအေးမည်ပြုပြီး ပြန်၍ထမည်ကြံပြန်တော့လည်း ဇက်ပိုးကို နင်းချသွားသဖြင့် မြေကြီးကို ကုန်းနမ်းရသည်။ ပါးစပ်ထဲသို့ သဲတွေ၊ ဖုန်တွေ ဝင်သဖြင့် တဖွီးဖွီးထွေးထုတ်ပစ်ရ၏။

ထိုကြောင့် နတ်ပြက်ကလေးသည် အလွန်ပင်စိတ်ဆိုးသွားသည်။ သူ့အဖို့ စိတ်ဆိုးစရာတွေဖြစ်ရသည့် တရားခံမှာ သက်တန့်ရောင်စုံထွက်နေသည့် ကြည်သာမင်းသားကလေးသာ ဖြစ်ရမည်ဟု စိတ်ထဲတွင် မှတ်ယူထားပြီး ခပ်လှမ်းလှမ်းမှပင် ကြည်သာမင်းသား

mgyoe.com

mgyoe.com


ကလေးကို မှုန်တေတေနှင့် ကြည့်နေသည်။

နတ်ပြည်တွင်လည်း ဒယာဒေဝီနတ်သမီးသည် နတ်သဘင် အစည်းအဝေးသို့ သွားချိန်တန်ပြီဖြစ်၍ ထွက်သွားခါနီး ဒါနနတ်သားကို လူ့ပြည်မှ ကြည်သာမင်းသားအားစောင့်ကြည့်၍ လိုအပ်လျှင်ကယ်မရန်အမိန့်ပေးထွက်သွားလေသည်။ ထို့ကြောင့် ဒါနနတ်သားကလည်း ကြည်သာမင်းသားကို ပြူးနေအောင် ကြည့်ရ၏။

လှကညာ မင်းသမီးကလေးခါတိုင်းနှင့်မတူ အထူးပင် တောက်ပြောင်လှပနေသော ချစ်သူကြည်သာမင်းသားကလေးကို ရှေ့တွင် တွေ့ရသောအခါ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်သွား၍ ကပျာကယာ ပန်းကုံးစွပ်ရန် လက်ကိုမြှောက်သည်။

ထိုခဏတွင် နတ်ပြက်ကလေးသည် လက်ညှိုးထိုး ပါးစပ်မှ ပွစိပွစိလုပ်၏။ သူက ထိုသို့လုပ်လိုက်သောအခါ လှကညာနတ်သမီးလေး၏ လက်ထဲမှ ပန်းကုံးကြီးမှာ မြွေကြီးဖြစ်သွားလေရာ "အမယ်လေး"ဟုအော်၍ ပန်းကုံးကြီးကို ပစ်ချကာ မင်းသမီးကလေးမှာ မေ့လဲကျသွားလေ၏။

ရှင်ဘုရင်ကြီးသည် ချက်ချင်းပင် ရာဇပလင်ပေါ်မှ ဖင်လျှော၍ဆင်းလာခဲ့လေ၏။

"ဟဲ့ကောင် . . မင်းဘယ်လိုလုပ်လိုက်တာလဲ၊ မင်းဟာ မင်းသားယောင်ဆောင်လာတဲ့ မှော်ဆရာပဲဖြစ်မယ်"

ရှင်ဘုရင်ကြီးကကြိမ်းမောင်းသည်။ အနားမှ စစ်သည်ရဲမက်တို့ကလည်း ကြည်သာမင်းသားကို ဝင်ရောက်ဖမ်းဆီးရန် ဘုရင်ကြီး၏ နှုတ်မှထွက်မည့်အမိန့်ကိုစောင့်နေကြ၏။ကြည်သာမင်းသားကလေးမှာလည်း ဘုမသိ ဘမသိနှင့် မျက်လုံးဝိုင်းသွားရတော့သည်။

mgyoe.com

mgyoe.com


"ကျွန်တော်မျိုး ဘာမှမလုပ်ပါဘုရား"

"မင်းမလုပ်လို့ .. ဒီဟာက ဒီဟာက"

ရှင်ဘုရင်ကြီးသည် ပန်းကုံးဆီသို့ လက်ညှိုးညွှန်၍ ပြောပြောဆိုဆိုနှင့် လှည့်ကြည့်သည်တွင် သူ့စကားမှာ တစ်ပိုင်းတစနှင့် ရပ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့အချင်းများနေခိုက်တွင် ပင် နတ်ပြည်မှ ဒါနနတ်သားက ဖနောင့်တစ်ချက်ပေါက်၍ နှုတ်မှ ပွစိပွစိလုပ်လိုက်ရာ စောစောက မြွေကြီးမှာ ရွှေစင်အတိပြီးသော မြွေရုပ်ကြီးဖြစ်သွားသောကြောင့်ပင်ဖြစ်သည်။ ဝင်းဝါတောက်ပနေသော ရွှေစင်ရုပ်မြွေကြီးသည် အထူးလှပဆန်းကြယ်သဖြင့် ဘုရင်ကြီးကို ဝမ်းမြောက်စေ၏။

"အယိုယို . . . လှလှချည်လား၊ ဒါကြီးကို မင်းက ငါ့ကိုလက်ဆောင်ပေးမယ်ဆိုရင် မင့်အပြစ်ကို တစ်ဝက်ချမ်းသာပေးလိုက်မယ်။ သမီးတော် မေ့လဲသွားတာကို ချမ်းသာရအောင်လုပ်ပေးမှ ကျန်တဲ့အပြစ် တစ်ဝက်ကျေပြီး မင့်ကို သမီးတော်နဲ့ ထိမ်းမြားပေးစားမယ်ဟေ့"

စောစောက သူလုပ်လိုက်သဖြင့် မင်းသားကလေးဒုက္ခရောက်သွားရသောအခါတွင် ဝမ်းမြောက်စွာဖြင့် ဗိုက်ကို လက်နှစ်ဖက်နှင့်ဖိ၍ ရယ်နေသော နတ်ပြက်ကလေးမှာ ဘုရင်ကြီးဒေါသအနည်းငယ်ပြေသွားသည်ကို တွေ့ရရာတွင် မှုန်တေတေပြန်ဖြစ်လာရပြန်သည်။ သူသည် ကြည်သာမင်းသား ဘာလုပ်မည်နည်းဟု လှမ်း၍ အကဲခတ်နေသည်။

ကြည်သာမင်းသားလေး ခမျာမှာလည်း မင်းသမီးလေးသည် သူ့ဘာသာ သူမေ့လဲကျသွားခြင်းဖြစ်ရာ ပြန်လည်၍ သတိရလာ

mgyoe.com

အောင် မည်သို့လုပ်ရမှန်းမသိဖြစ်နေတော့သည်။

နတ်ပြည်ရှိ ဗိမာန်လက်ရန်းကို လက်ထောက်ကြည့်နေသော ဒါနနတ်သားမှာ ကြည်သာမင်းသား၏အဖြစ်ကို ပို၍ထင်ရှားအောင် ငုံ့ကြည့်နေရင်းက အားလွန်၍ ထိုးကျလေ၏။ သို့သော် သတိကောင်းသဖြင့် လက်ရန်းတန်းကို ခြေတို့ဖြင့် ချိတ်ဆွဲထားရာ တွဲလွဲကြီးဖြစ်နေသည်။ ဤတွင် ဒါနနတ်သားသည် လက်နှစ်ဖက်ကို အားယူလွှဲရမ်း၍ နောက်သို့ ကောက်တင်လိုက်ရာ ဖုတ်ခနဲအပေါ်သို့ ပြန်ရောက်သွားတော့သည်။ ထိုအခါမှ လူပြည်သို့ ဆက်၍ကြည့်ရပြန်၏။

ကြည်သာမင်းသားကလေးသည်လည်း အမျိုးမျိုးစဉ်းစားရာမှ စိတ်ကူးပေါက်လာကာ မင်းသမီးကလေး၏ ခေါင်းရင်းဘက်သို့ သွား၍ လေးဘက်ထောက်ကာ မင်းသမီးလေး၏ ငယ်ထိပ်ကိုကုန်း၍ မှုတ်သည်။

ထိုအခိုက်တွင် နတ်ပြက်ကလေးသည် လက်ညှိုးညွှန်၍ ပါးစပ်မှ ပွစိပွစိလုပ်ပြန်လေ၏။

ကြည်သာမင်းသားကလေးသည် အသာအယာပင် မှုတ်သည်ဖြစ်ငြားသော်လည်း မင်းသမီးကလေးမှာ တစ်ကိုယ်လုံးအတောင့်လိုက် လျှောခနဲ ထွက်သွားသည်။ ကြည်သာမင်းသားသည် လေကိုပြန်၍ရှိုက်သောအခါတွင် မင်းသမီးတစ်ကိုယ်လုံးမှာ အတောင့်လိုက်ပင်လျှောခနဲ ပြန်ရောက်လာပြန်၏။ ဤသို့ဖြင့် မင်းသားကလေးက မှုတ်လိုက် လေပြန်ရှိုက်လိုက်လုပ်နေသည်နှင့်အမျှ မင်းသမီးလေး၏ ကိုယ်ခန္ဓာတောင့်တောင့်ကြီးမှာလည်း လျှောခနဲ လျှောခနဲ ရှေ့တိုးနောက်ငင်ဖြစ်နေလေတော့သည်။

mgyoe.com

mgyoe.com

ငွေပိမာန်ဘုရင်ကြီး၏ နှုတ်ခမ်းမွေးတို့သည် နှစ်စလုံး ကော့ပျံထောင်တက်လာကြလေကုန်၏။ မျက်လုံးတို့သည်လည်း ပြူးကျယ်ဝိုင်းစက်ကာ မီးတဝင်းဝင်းဖြစ်လာကြကုန်သည်။

"ဟော့ . . သတိရအောင်လုပ်ပါဆိုမှ တယ်လဲခက်နေပါလား။ မင်းက သေပြီမှတ်လို့ အလောင်းကစားနေတာလားကွ . . ဟေ"

နတ်ပြက်ကလေးကား ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ဖိရင်းရယ်မောနေပြန်လေ၏။ ထိုအခိုက်တွင် ဒါနနတ်သားသည် ဖနောင့်တစ်ချက်ပေါက်ရင်း နှုတ်မှ ပွစိပွစိလုပ်ရပြန်တော့သည်။

ဘုရင်ကြီးသည် မကျေမနပ်နှင့်ပင် သမီးတော်၏ ခြေရင်းနားသို့ လျှောက်လာ၍ ငုံ့ကြည့်၏။ ကြည်သာမင်းသားကလေးလည်း ကြောက်ကြောက်နှင့် မှုတ်ထည့်လိုက်ရာ၊ မင်းသမီးလေး၏ ကိုယ်လုံးသည် တောင့်တောင့်ကြီးဖြစ်နေလျက်က ကျွီခနဲမတ်တပ်ထောင်လာလေ၏။ ရုတ်တရက်ဖြစ်၍ ဘုရင်ကြီးသည် "ဗုဒ္ဓေါကြီးနဲ့ ဆွမ်းတော်တင်"ဟု အော်၍ လန့်ခုန်မိလေသည်။

ထို့နောက် သမီးတော်ကို ကြည့်သောအခါ သမီးတော်မှာ အကောင်းပကတိဖြစ်နေသဖြင့် များစွာဝမ်းသာသွား၏။

"ဟယ် . . ငါ့နေကြီး သမီးတော်ကောင်းသွားပါပကော။ အဲလေ . . ငါ့သမီးကြီးနေကောင်းသွားပါပကောလား။ ဟဲ့ မိဖုရားကြီး၊ သောက်ရေပေးစမ်း။ သမီးတော်ကို တိုက်ရမယ်"

နတ်ပြက်ကလေးသည် အဝေးမှကြည့်ရင်း မှုန်တေတေဖြစ်သွားပြန်လေ၏။

မိဖုရားကြီးယူလာပေးသော ရေခွက်ကို ဘုရင်ကြီးက ကောက်အယူလိုက်တွင် သူ့လက်ထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် ရေခွက်

mgyoe.com

ပျောက်ကာ၊ မျောက်ကလေးကို လည်ကုပ်ကစု၍ ဆွဲထားမိလျက်သားဖြစ်နေလေ၏။ မျောက်က ကွိကွိကွကွနှင့် ယက်ကန်ယက်ကန်လုပ်သဖြင့် ဘုရင်ကြီးသည် အလန့်တကြားလွှတ်ချရသည်။

"ဟဲ. . . သောက်ကျိုးနဲ့ မျောက်မျိုးငနဲပါလား"

ဒါနနတ်သားသည် ဖနောင့်ပေါက်၍ ပွစိ ပွစိလုပ်ရပြန်လေ၏။

မျောက်ကလေးသည် ဘုရင်ကြီးလွှတ်ချလိုက်၍မြေပေါ်သို့အရောက်တွင် ရွှေစင်အတိပြီးသော မျောက်ရုပ်ကလေးဖြစ်သွားလေ၏။ ဘုရင်ကြီးကား ဝမ်းသာပြန်လေတော့သည်။

"ဟာ ရွှေမျောက်ဟ . . ရွှေမျောက်။ ငါတော့ အသရေတောက်ရပြန်ဦးတော့မယ်။ ဒါမှ ရွှေသမက်အစစ်ပါလား။ အလန့်တကြားတွေဖြစ်သမျှ ရွှေချည်းပဲ။ ရှေ့ဆက်လန့်ပါစေ ငါတော့ကျေနပ်မှာပဲ။ ကြိုက်ကပြီကွ၊ ကြိုက်ကပြီကွ . . . လုပ်လိုက်ဟေ့"

နတ်ပြက်ကလေးသည် သစ်ပင်တစ်ခု၏အရင်းတွင် ငုတ်တုတ်ထိုင်၍ မှိုင်နေရတော့သည်။ သူ့စိတ်ကတော့ ဆိုးမြပင်ဖြစ်နေ၏။

ဘုရင်ကြီးကား ကျေနပ်နှစ်ခြိုက်လွန်းလှသဖြင့် သမီးတော်လှကညာကို ကြည်သာမင်းသားလေးနှင့် ထိမ်းမြားပေးစားတော်မူလေသည်။

ကြည်သာ မင်းသားကလေးသည် ငွေဗိမာန်တိုင်းပြည်မှအကောင်းဆုံးမြင်းတစ်စီးကိုယူကာ လှကညာမင်းသမီးကလေးကိုမြင်းပေါ်တွင်တင်၍ နှစ်ယောက်အတူစီးလျက်၊ မွဲပြာပြာတိုင်းပြည်သို့ ပြန်လာခဲ့လေ၏။

စိတ်ဆိုးသွားသော နတ်ပြက်ကလေးသည်လည်း ကြည်သာမင်းသားလေးတို့ မြင်းနှင့် ငွေဗိမာန်တိုင်းပြည်ကြီးက ထွက်ခွာသည်ကို

mgyoe.com

mgyoe.com


မြင်သည်နှင့်တစ်ပြိုင်နက်၊ ဖုတ်ဖတ်ခါထ၍ နောက်မှလိုက်သွားလေသည်။ သူသည် ယခုထက်တိုင် စိတ်ဆိုးမပြေသေးချေ။ ထို့ကြောင့် ကြည်သာမင်းသားကလေးကို အားရအောင်ဒုက္ခပေးခြင်းငှာ နောက်က တကောက်ကောက်လိုက်ပါခဲ့ခြင်းဖြစ်၏။ အားရအောင် ဒုက္ခတွေပေးခဲ့သမျှမှာ အားရသည့်အဆင့်သို့မရောက်မီကပင် ဒုက္ခတွေပျောက်ပျောက်ကုန်သဖြင့် နတ်ပြက်ကလေးသည် စိတ်မတင်မကျဖြစ်နေရ၏။

ငွေဗိမာန်တိုင်းပြည်ကြီးမှ မွဲပြာပြာတိုင်းပြည်သို့သွားသောလမ်းခရီးတွင် သံမနိုင်နယ်စားကြီးမှာ နယ်စားဟုသာဆိုရသည်။ ငွေကြေး အင်အားရော၊ စစ်သည်ရဲမက်အင်အားပါ မသေးငယ်လှသဖြင့် တော်ရုံတန်ရုံ ရှင်ဘုရင်များပင် သူ့ကိုမမီကြချေ။ ထိုသို့သော ရှင်ဘုရင်များသည် သံမနိုင်နယ်စားကြီးကို လေးစားကြရသည်။

ကြည်သာမင်းသားက ရောက်ရှိလာသောအခါ သံမနိုင်နယ်စားကြီးသည် ကိုယ်တိုင်ထွက်၍ကြို၏။

"မင်းသားလေး . . ကျုပ်ရဲ့တိုက်ကြီးမှာ ထမင်းတစ်နပ်ဝင်ပြီး သုံးဆောင်သွားစမ်းပါ။ ကျုပ်က သတင်းကြားပြီးပြီ။ ငွေဗိမာန်ဘုရင်ကြီးရဲ့ သမီးတော်လှကညာကို တော်ရုံပုဂ္ဂိုလ်မရနိုင်ဘူး။ မင်းသားလေးက ရခဲ့တယ်ဆိုတော့ ဂုဏ်ပြုချင်လို့ပါ"

သံမနိုင်နယ်စားကြီးသည် စိတ်ရင်းကောင်း၏။ မာန်မာနကြီးခြင်းမရှိ။ သို့သော် စိတ်ဆိုးသည့်အခါတွင်ကား ပြင်းထန်လှသည်။ စိတ်ဆိုးသည့်အခါမျိုးတွင် အလွန်လည်းရက်စက်တတ်၏။ သူ၏ စိတ်ဆိုးမှုကို အကြောင်းသိသူတိုင်း လွန်မင်းစွာ ကြောက်လန့်တတ်ကြသည်။

mgyoe.com

သို့ဖြစ်သောကြောင့် နတ်ပြည်မှ ဒါနနတ်သားသည် ကြည်သာမင်းသားကလေးတို့ သံမနိုင်ရဲတိုက်ကြီးထဲသို့ ဝင်ရောက်သွားကြသည်ကို တွေ့သောအခါတွင် မျက်လုံးတို့သည် စည်းမဲ့ကမ်းမဲ့ ပြူးကုန်ကြတော့သည်။ သူ့အနေဖြင့် တော်တော်ဂရုစိုက်ရတော့မည်။ အကယ်၍အကြောင်း တစ်ခုခုကြောင့် သံမနိုင်နယ်စားကြီး အမျက်ထွက်ခဲ့သော် ကြည်သာမင်းသားကလေးသည် ကွဲခနဲဒုက္ခရောက်တော့မည်။ မင်းသားလေးကွဲခနဲဒုက္ခရောက်လျှင် ဒယာဒေဝီပြန်လာ၍ သိသောအခါ၌ မိမိသည်လည်း ဇိခနဲ ဒုက္ခရောက်ရမည်မှာ သေချာ၏။ ထိုကြောင့် အတင်းပြူးကြည့်ရသည်။ ခါးကိုကိုင်းညွတ်၍ ကြည့်သည်။ ပို၍ ပို၍ဂရုစိုက်ရသဖြင့် ပို၍ ပို၍ခါးကိုင်း၏။ ထိုကြောင့် ထုံးစံအတိုင်း . . .

"ဟမလေး . . ကျပဟ"

ဟုအော်ကာ သူသည် အရှိန်လွန်၍လက်ရန်းမှ ကျော်ကျသည်။

ကိစ္စမရှိပါ။ လိမ္မာပါးနပ်သော နတ်သားဖြစ်သည်နှင့်အညီ ပုဆိုးစတစ်ဖက်ကို လက်တန်းတွင် မြဲမြဲချည်နှောင်ထားသည်ဖြစ်သောကြောင့် တစ်ချိန်တွင် ဆက်လက်မကျတော့ဘဲ လေထဲတွင် တန်းလန်းကြီးဖြစ်ကာ လွဲရမ်းနေလေ၏။ ထိုအခါတွင်မှ ဒါနနတ်သားသည် ပုဆိုးစကိုပြန်၍တွယ်ဖက်တက်ကာ ကြည်သာမင်းသားလေးတို့ကို မျက်ခြည်မပြတ်ကြည့်နေသည်။

သူ့နည်းတူပင် နတ်ပြက်ကလေးသည်လည်း ရဲတိုက်ကြီး၏ ပြတင်းပေါက်တစ်ခု၏ အပြင်၊ သစ်ပင်တစ်ပင်ခွကြား၌ ထိုင်၍ ကြည်သာမင်းသားလေးတို့ကို မျက်ခြည်မပြတ်ကြည့်နေ၏။

ရဲတိုက်ကြီး၏ ကြမ်းခင်းမှာ ကျောက်ပြားများဖြစ်သဖြင့် နယ်

mgyoe.com

စားကြီးသည် မင်းသားလေးတို့ကို ကုလားထိုင်များနှင့် ဧည့်ခံသည်။ မနီးမဝေးက စားပွဲရှည်ကြီးပေါ်တွင် ထမင်းဟင်း သစ်သီးချိုချဉ်မျိုးစုံတို့ကိုတည်ခင်းစေ၏။

"ကဲ . . မင်းသား၊ အစားအစာတွေတော့ အဆင်သင့်ပြီ၊ ကိုယ့်ကုလားထိုင်ကိုယ် ရွှေ့ခဲ့ကြပါ"

နယ်စားကြီးက ဤသို့ပြော၍ သူကိုယ်တိုင်ကလည်း သူထိုင်လျက်ရှိသော ကုလားထိုင်ကြီးကို ရွှေ့လာလေ၏။ လှကညာမင်းသမီးကလေးကလည်း ရွှေ့လာ၏။ ထိုနည်းတူစွာပင် ကြည်သာမင်းသားကလေးသည်လည်း ကုလားထိုင်ကို ဖင်နှင့်သိပ်မကွာစေဘဲ၊ လက်တန်းမှကိုင်ကာ ခါးကိုင်း၍ ရွှေ့လာရန်ကြိုးစား၏။

နတ်ပြက်ကလေးသည် လက်ညှိုးညွှန်၍ ပါးစပ်မှ ပွစိပွစိလုပ်လေတော့သည်။

"အီး . . အီး"

ကြည်သာမင်းသားကလေးသည် ကုလားထိုင်ကို လွယ်လွယ်ဆွဲ၍မပါလာသဖြင့် အင်အားကိုစိုက်ထုတ်၍မပါလာသဖြင့် အင်အားကိုစိုက်ထုတ်၍ ဆွဲ၏။ ကုလားထိုင်မှာ ကျောက်သားထုဖြင့် ပြုလုပ်ထားသိသည့်အလား၊ မြေပေါ်မှ တစ်လက်မမှ ကြွမတက်ချေ။ မင်းသားကလေးသည် ခါးကြီးကို အတင်းကုန်း၍ လုံ့လဝီယမပြင်းစွာထုတ်ကာ မျက်နှာကြီးများ နီလာသည်အထိ အတင်းမဆွဲသည်။ ကုလားထိုင်ကား မဖြုံချေ။

နယ်စားကြီးသည် ဖင်နားတွင် ကုလားထိုင်တန်းလန်း မ,လျက်ကပင်ကြည်သာမင်းသားလေး၏ဘက်သို့ လှည့်ကြည့်မိသဖြင့် ရှေ့ဆက်မသွားနိုင်ဘဲ ရပ်၍အံ့အားသင့်လျက်ကြည့်မိသည်။

mgyoe.com

mgyoe.com


"မင်းသား ဘာလုပ်နေတာလဲ"

ကြည်သာ မင်းသားသည် ချွေးတွေပြန်အောင်ဆွဲ၏။ ကုလားထိုင်ကား မထူးခြားပါချေ။

ဒါနနတ်သားသည် မျက်မှောင်ကုတ်၍ ပါးစပ်မှ ပွစိ ပွစိလုပ်ရတော့၏။

ဝေါ . . .

ကြည်သာမင်းသားက အားကုန်ဆွဲနေသော ကုလားထိုင်သည် ရုတ်တရက်ပင် ဖက်ရွက်ကလေးပမာ ပေါ့ပါးသွားလေရာ။ မင်းသားလေးမှာ ကုလားထိုင်ကြီးတန်းလန်းနှင့်ပင် ရှေ့သို့စိုက်စိုက်စိုက်စိုက်နှင့် အရှိန်ပြင်းစွာထွက်သွားပြီး သံမနိုင်နယ်စားကြီး၏ နံရိုးများကို ခေါင်းနှင့်ပြေးတိုက်မိသည်။

"ဟယ် . . ကမျဉ်းနီနဲ့ ပိုးတီကောင်၊ သေပါပြီဟ"ဟုအော်၍ နယ်စားကြီးသည် ကြမ်းပေါ်သို့ ကုလားထိုင်နှင့်အတူ ထွေးလားလုံးလားကျသွားလေ၏။ ပြန်၍ထလာသောအခါတွင်ကား သူ၏ မျက်နှာမှာ နီမြန်းနေသည်။

နတ်ပြက်ကလေးသည် ပိုက်ကိုနှိပ်၍ အားရပါးရရယ်၏။

သို့သော် မင်းသားလေး၏ ကုလားထိုင်တွင် ကျောက်ပြားအခင်းကြီးပါကပ်၍ပါလာလေရာ၊ မြေတိုက်ခန်းပေါ်လာပြီး အမြောက်မြားစွာသော ရွှေငွေရတနာတို့ကို တွေ့မြင်ကြရလေ၏။ အစကဒါတွေရှိမှန်းမသိသော နယ်စားကြီးသည် ကျေနပ်၍ကြည်သာမင်းသားအပြန်တွင် တစ်ဝက်ခွဲပေးလိုက်ရာ၊ မွဲပြာပြာတိုင်းပြည်မှာ ဖိတ်ဖိတ်တောက်တိုင်းပြည်ဟုပင် အမည်ပြောင်းလိုက်ရလေတော့၏။

mgyoe.com


mgyoe.com


ဒယာဒေဝိပြန်ရောက်လာပြီးသောအခါတွင်ကား၊ နတ်ပြက်ကလေးသည် နတ်သဘင်အစည်းအဝေးတက်ရန် အကြောင်းမဲ့ ပျက်ကွက်သဖြင့် သိကြားမင်း၏လှေကားကို မှုန်တေတေနှင့် သန့်ရှင်းရေးလုပ်နေရတော့သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဖိနပ်ကလေးတစ်ဖက်

ကျော်မိုးသည် တောလမ်းကလေးမှ လျှောက်လာနေလေသည်။ သူ့ဘေးတွင် လွယ်အိတ်တစ်အိတ်ကို လွယ်ထားပြီး လက်ယာဘက်လက်တွင် ဝါးတောင်ဝှေးကိုကိုင်၍ ထောက်ကာထောက်ကာ လျှောက်လာနေ၏။ ဤပုံကို ကြည့်ခြင်းအားဖြင့် သူသည် ခရီးဝေးသွားသော ခရီးသည်မှန်းသိသာနိုင်သည်။

"ဟော့ . . ကျော်မိုး . . ကျော်မိုးရေ"

ခေါ်သံသည် ပီပီသသကြီးပေါ်ထွက်လာ၏။ ကျော်မိုးသည် ခြေစုံရပ်လိုက်ကာ ပတ်ဝန်းကျင် ဟိုဟိုသည်သည်လှည့်ကြည့်မိလိုက်သည်။ အမှန်ဆိုလျှင် သည်တောသည်တောင်ထဲတွင် လူသူလေးပါးပြတ်လပ်လှသောကြောင့် သူ့ကိုသိသော သူကိုမဆိုထားဘိ။ သူစိမ်းတစ်ယောက်ကိုပင် ကြုံတွေ့ရန်မလွယ်ကူပါ။ သို့ဖြစ်သည့်တိုင်အောင် စောစောက ခေါ်သံသည် ပီပီသသထွက်ပေါ်လာခဲ့၏။

ကျော်မိုးသည် မည်သူ့ကိုမျှမတွေ့ရသဖြင့် ခရီးဆက်တော့မည်ဟု ကြံကာခြေလှမ်းပြင်လိုက်သည်။

"ကန်းပါ့ကွာ . . နာမည်ကို ဒါလောက်တကြော်ကြော်ခေါ်နေ

mgyoe.com

mgyoe.com


တာတောင်မတွေ့ဘူးတဲ့ . . ဟားဟား"

ကျော်မိုးသည် ခြေကိုမလှမ်းနိုင်ဘဲ ကျိုးကန်းတောင်းမှောက်ကြည့်မိပြန်သည်။ သိသူလည်းမတွေ့၊ မသိသူလည်း မတွေ့ပါ။ သို့ဖြစ်၍ ကျော်မိုးသည် စိတ်တိုတိုနှင့် ရမ်းသမ်းပမ်းသမ်းစွတ်၍ အော်လိုက်လေသည်။

"ဟေ့ . . ဘယ်သူလဲကွဟေ၊ ငါ့ကိုတကြော်ကြော်နဲ့ ခေါ်ပြီး ပုန်းနေတာ၊ ဘာလဲ ငါ့ဟိုကြောက်တယ် မှတ်နေသလား၊ မင်းသာ ကြောက်လို့ခေါ်ပြီး ပုန်းနေတာပေါ့"

ကျော်မိုးသည် စကားကိုရပ်၍ အဖြေကိုပြန်စောင့်၏။

"အလို . . ဒေါသကြီးလှချည်ကလား ကျော်မိုးရယ်၊ တကယ်တော့ ငါဟာပုန်းနေတာမဟုတ်ပါဘူး၊ မင်းက မမြင်တာပါ"

အသံလာရာကို တိတိကျကျမှန်းဆ၍မရပါ၊ ထို့ကြောင့် ကျော်မိုးသည် အနီးက ဇီးဖြူပင်ကြီးပေါ်သို့ မော့၍ကြည့်၏။

"ခက်နေပါပြီကော . . ငါကအောက်မှာ မင်းက အပေါ်ကို ကြည့်နေတယ်။ ဒါနဲ့တောင် မမြင်ဘူးဆိုတော့ ခွကျတာပေါ့ ကျော်မိုးရာ"

ကျော်မိုးသည် ငုံ့ကြည့်ပြန်၏။ လမ်းဘေးက ဇီးဖြူပင်အရင်းတွင် ကျောက်တုံးငယ်တစ်တုံးရှိ၏။ ထိုကျောက်တုံးပေါ်တွင် လက်ဝဲဘက်ဖိနပ်ကလေးတစ်ဖက်ကို တွေ့ရသည်။ ဖိနပ်မှာ သားရေဖိနပ်ဦးကော့ကလေးဖြစ်၏။ ထိုဖိနပ်မှ လွဲ၍အခြားဘာကိုမျှမတွေ့ရချေ။

"ဖိနပ်ပဲတွေ့ရတယ်။ ဖိနပ်ကတော့ ငါ့နာမည်ခေါ်မယ်မထင်ပေါင်ကွာ"

mgyoe.com

mgyoe.com

ကျော်မိုးသည် တစ်ကိုယ်တည်း ခပ်ညည်းညည်းပြောလိုက်၏။

"မင်းက မထင်ပေမဲ့ ဟုတ်သကွ၊ ဖိနပ်က မင့်ကို တကြော်ကြော်ခေါ်နေတာပဲ"

အိပ်မက်မဟုတ်ပါ၊ မျက်ဝါးထင်ထင်ကြုံတွေ့နေရခြင်းဖြစ်သည်။ ကျော်မိုးသည် ဖိနပ်ကလေးကို ဆတ်ခနဲ ကောက်ယူ၍ကြည့်၏။

"ဩော် . . မင်းက စကားပြောတာကိုး၊ မင်းကပါးစပ်မပါတဲ့ဟာမျိုးဆိုတော့ အသံကိုဘယ်ကလာမှန်းဖမ်းရခက်တော့ ငါ့ခေါင်းဟာ ချာလပတ်လည်နေရတာပေါ့၊ ဒါထက်မင်းက ငါ့နာမည်ကို ဘယ်လိုသိသလဲ"

"ဟဲဟဲ . . . ဟဲဟဲ. . "

"အဲဒါက ဘာဖြစ်တာလဲ"

"ရယ်တာပေါ့ကွ၊ တဟဲဟဲနဲ့ ငိုနေတာ မင်းတွေ့ဘူးလား"

မပြောတတ်ဘူးလေ၊ ဖိနပ်ဆိုတော့ ဟဲဟဲ ဟဲဟဲနဲ့ ငိုချင်လည်းငိုမှာပေါ့၊ ငါဘယ်သိပါ့မလဲ"

"ရှိပါစေတော့လေ၊ ငါက မင်းနာမည်ကို ဘယ်လိုသိသလဲလို့ မင်းကမေးတယ်၊ ဒီမှာ ကျော်မိုး၊ သည်လောကမှာ ငါမသိတာ ခပ်ရှားရှားကွ"

"ဒါဖြင့် ငါ့ကြီးဒေါ် ပထမဆုံးကျိုးထည့်သွားတာ ဘယ်သွားလဲ"

"အဲဒါက ခပ်ရှားရှားထဲပါနေတယ်ကွ၊ ငါမသိဘူး"

"ဒါဖြင့် ငါ့အမေဟာ ဘယ်အရွယ်မှာ ဆံပင်ဖြူစပေါက်သလဲ"

"အဲဒါလည်း ခပ်ရှားရှားထဲကပါနေပြန်ပြီကွ၊ ဟေ့ ကျော်မိုး၊ မင်းက ငါ့ကို ဘာမှစစ်ကြောမနေစမ်းပါနဲ့၊ မင်းသွားရာကို ခေါ်သွား

mgyoe.com

စမ်းပါ၊ မင်းအတွက် အကျိုးရှိပါစေမယ်ကွာ"

ကျော်မိုးလည်း စကားရှည်မနေတော့ သားရေဖိနပ်ကလေးကို လွယ်အိတ်ထဲထည့်၍ ခရီးဆက်ခဲ့လေတော့သည်။

များမကြာမီပင် ရွာကလေးတစ်ရွာရှိ ထမင်းဆိုင်တစ်ဆိုင်သို့ ရောက်ရှိခဲ့လေရာ ကျော်မိုးသည် ဆာဆာနှင့် သူစားလိုရာဟင်းများကို မှာကြားရင်း စားပွဲခုံတွင်ဝင်ထိုင်လေ၏။ ဆိုင်ရှင်လူကြီးသည် ကျော်မိုးမှာကြားသော ဟင်းလျာများကို ခူးခပ်ထည့်ရန် မီးဖိုဘက်ဆီသို့ ဝင်သွားလေ၏။ ထိုအခိုက်တွင် လွယ်အိတ်ထဲက ဖိနပ်က စကားပြောလေတော့သည်။

"ဟေ့ကောင် .. ဘယ်လိုလဲကွ၊ မင်းချည်းပဲ စားသလား၊ ငါလည်း ဆာတာပေါ့"

"အလို .. ဖိနပ်က ထမင်းစားတယ်လို့ ငါမကြားဖူးပေါင်ကွာ"

"ထမင်းတော့ မစားဘူးဟေ့၊ ငါက ထောပတ်စားတယ်၊ကဲပါကွာ စကားကြောမရှည်နေပါနဲ့ ငါ့ကို လွယ်အိတ်ထဲကထုတ်ပြီး စားပွဲပေါ် သာတင်ထားလိုက်ပါ၊ ပြီးတော့ ထောပတ်တစ်ပန်းကန်မှာပြီး ငါ့ကိုလိမ်းကျံပေးစမ်းပါကွာ၊ မင်းအကျိုးရှိစေရမှာပါ"

ကျော်မိုးသည် ဆုံးခန်းတိုင်အောင် စောင့်ကြည့်မည်ဟူသော သဘောထားဖြင့် ဖိနပ်ကို စားပွဲပေါ် သို့ တင်လိုက်လေ၏။ ဆိုင်ရှင်လူကြီးသည် ယူလာသောထမင်းဟင်းပန်းကန်များကို စားပွဲပေါ် သို့ချသောအခါ ဖိနပ်ကို မြင်လေ၏။ ထိုအခါ သူ့မျက်နှာမှာ စက်ဆုပ်ရွံ့ရှာသည့်အသွင်ဖြင့် ရှုံ့မဲ့သွားလေတော့သည်။

"ထွီ .. ထမင်းစားမယ့်အနားမှာ ဘာဖြစ်လို့ ဖိနပ်စုပ်ကြီးတစ်ဖက်ကို တင်ထားပါလိမ့်၊ ဖိနပ်ကို ဖိနပ်နေရာမှာ ထားမှပေါ့"

mgyoe.com

 mgyoe.com 

ကျော်မိုးသည် ဆိုင်ရှင်လူကြီးကို ဆတ်ခနဲ မော့ကြည့်လိုက်ပြီး ပြန်ပြောသည်။

"ဟာ .. ဦးကြီးဒါဟာ ရိုးရိုးဖိနပ်မဟုတ်ဘူးခင်ဗျ"

"ရိုးရိုးဖိနပ်မှ သာမန်ရိုးရိုးဖိနပ်ပါကွာ၊ ငါ့မျက်စိ ဒါလောက် မမှုန်သေးပါဘူး။ မှန်စီရွှေချ ဟသ်ာခြေနင်းမဟုတ်ပါဘူးကွ၊ တောတက်ရင်စီးတဲ့ သားရေဖိနပ်ဟောင်းကြီးပါ"

"သားရေဖိနပ်မှန်ပေမဲ့ သူကတစ်ခြားဖိနပ်တွေနဲ့ မတူဘူး ခင်ဗျ"

"ဘာဖြစ်လို့လဲ ဦးကော့နေလို့လား၊ ဦးကော့တဲ့ သားရေဖိနပ်တွေက တစ်ပုံကြီးပါကွာ၊ မင်းဟာ ဖိနပ်စုံစုံမတွေ့ဖူးသေးဘူးထင်တယ်"

"ဦးကြီးက စုံစုံမတွေ့ဘူးသေးတာဗျ၊ ဒီဖိနပ်က စကားပြောတတ်တယ်"

"မြတ်စွာဘုရား"

ဆိုင်ရှင်လူကြီးသည် အလန့်တကြား လွှတ်ခနဲအော်လိုက်၍ ဖိနပ်ကိုမျက်လုံးပြူးကြည့်သည်။ ထို့နောက် စကားဆက်ပြော၏။

"စကားပြောတတ်လည်း ပြောခိုင်းစမ်းကွာ"

"ဟေ့ဖိနပ် .. ပြောလိုက်လေကွာ"

ဖိနပ်ကား တုတ်တုတ်မျှ မလှုပ်ချေ၊ ထိုအခါ ဆိုင်ရှင်လူကြီးသည် ကျော်မိုးကို စိတ်မှကောင်းရဲ့လားဟူသောအကြည့်မျိုးနှင့် ကြည့်၏။ ကျော်မိုးသည်လည်း ရှက်ရှက်နှင့် ဖိနပ်ကို ခုံအောက်သို့ ပစ်ချလိုက်လေတော့သည်။

ဆိုင်ရှင်လူကြီးသည် အလုပ်ရှိသေး၍ မီးဖိုချောင်ဘက်ထွက်

mgyoe.com

mgyoe.com


သွားသောအခါ ကျော်မိုးသည် ထမင်းပန်းကန်ကို စ၍နှိုက်၏။ ထိုအခိုက်တွင် ဖိနပ်သည် စားပွဲပေါ်သို့ ခုန်၍တက်လာလေသည်။

"ကျော်မိုး . . မင်းငါ့ကို မလေးမစားလုပ်ရင် ဒုက္ခကောင်းကောင်းတွေ့မယ်၊ ဘယ်မှာလဲ ထောပတ်၊ မြန်မြန်မှာပါ"

ဖိနပ်က ခပ်မာမာပြော၏။ မတတ်သာတော့ပြီ။ ကျော်မိုးသည် ထောပတ်တစ်ပန်းကန်ကို လှမ်း၍မှာကြားရ၏။ ထိုအခါ ဆိုင်ရှင်လူကြီးသည် ထောပတ်ပန်းကန်ပြားကိုင်၍ ထွက်လာရပြန်ရာ ဖိနပ်ကိုတွေ့ရပြန်လေသည်။

"ဩ . . ဖိနပ်ကို ပြန်တင်ထားပြန်ပြီပေါ့လေ"

"ရှိပါစေဦးကြီးရာ . . ကျွန်တော်က သည်ဖိနပ်နဲ့မှ ထမင်းစားလို့ဖြစ်တာ"

"ဟေ. . . ငါ့ဆိုင်မှာ မင်းတစ်ယောက်ထဲ ထမင်းစားတာ မဟုတ်ဘူး၊ တခြားလူတွေလည်း လာစားကြတာ သူများတွေရွံ့မယ်ကွ၊ ဒါပေမဲ့ မင်းက ဒီဖိနပ်စုတ်ကြီးကို တစိမ့်စိမ့်ကြည့်နေရမှ ထမင်းစားဝင်မယ်ဆိုရင်လည်း စားပေါ့ကွာ၊ ဒီအတွက် ပိုက်ဆံပိုပေးရမယ်"

"ပေးပါ့မယ် ခင်ဗျာ"

ကျော်မိုးသည် ကတိပြုလိုက်မှ ဆိုင်ရှင်လူကြီးသည် ကျေနပ်ပြီး သူ့အနားမှ ထွက်ခွာသွားလေတော့သည်။ ထိုအခါတွင်မှ ကျော်မိုးသည် ဖိနပ်ကိုထောပတ်များ သုတ်လိမ်းပေးရ၏။

မကြာမီပင် ခေါင်းတုံးနှင့် လူဝဝမည်းမည်းကြီးတစ်ယောက်သည် ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။ သူသည်လည်း ထမင်းဝယ်စားရန် ရောက်လာခြင်းဖြစ်၏။ ထိုလူကြီးသည် ကျော်မိုး၏

mgyoe.com

ခုံနားတွင် ရပ်ကာကျော်မိုးကို ကျောပေးလျှက် ဆိုင်ရှင်ကြီးရှိရာသို့ လှမ်းမျှော်အော်ဟစ်၍ စားလိုရာများကို မှာကြားနေသည်။ ထို အခိုက်တွင် ခုံပေါ်မှ ထောပတ်အရောင်ဖြင့် တလက်လက်ဖြစ်နေ သော ဖိနပ်ဆီမှ အသံထွက်ပေါ်လာတော့ရာ ကျော်မိုးမှာ မျက် လုံးပြူးသွားရ၏။

"ဗျို့ .. ကိုဖိုးထွန်း၊ ခင်ဗျားမိန်းမရဲ့ ချက်အောက်နားမှာ မှဲ့အကြီးကြီး ပါလားဗျ"

အပြောခံရသူ ခေါင်းတုံးနှင့် လူကြီးသည် ကျော်မိုးဘက်သို့ ချာခနဲလှည့်၍ မျက်စိကြီးများ ပြူးကြည့်သည်။ ကျော်မိုးသည်လည်း ထမင်းအတွက် ကျသင့်သောငွေများကို ခုံပေါ်တွင် ထင်ထားပြီးပြီ ဖြစ်သောကြောင့် ဦးဖိုးထွန်းကြီး မျက်လုံးပြူးကြည့်ခိုက်တွင်ပင် မတ်တပ်ရပ်လိုက်သည်။ ဦးဖိုးထွန်းကြီးကားများစွာ မကျေမချမ်း ဖြစ်ပုံနှင့် ကျော်မိုးကိုကြည့်၍ ပြော၏။

"ဟေ့ကောင် ... ဘယ်လိုလဲကွ၊ မင်းက ဘာအကြောင်း ကြောင့် ငါ့မိန်းမရဲ့ချက်အောက်က မှဲ့ကြီးကို မြင်ရတာလဲ၊ တန် တော့ .. မင်းဟာ ငါ့မယားနဲ့ဖောက်ပြန်ပြီထင်တယ်။ မင်းကို တော့ ဖမ်းပြီး ရွာသူကြီးဆီပို့မှပဲ"

အခြေအနေမဟန်တော့ပြီကို သိသဖြင့် ကျော်မိုးသည် တောင် ဝှေးကလေးကိုကိုင် လွယ်အိတ်ကလေးကို ကောက်လွယ်၍ ထွက် ပြေးလာခဲ့ရလေတော့သည်။ ထိုရွာက ထွက်မိပြီး ခရီးလမ်းကို ဆက် လျှောက်သွားနိုင်သောအချိန်တွင်မှ ရင်ထဲတွင် အေးသွားကာ ပါး စပ်မှ လေကို ဟူးခနဲ မှုတ်ထုတ်လိုက်ရသည်။

"တော်ပါသေးရဲ့။ တော်တော်ဒုက္ခပေးတဲ့ ဖိနပ်တစ်ဖက်၊ အခုမှ

mgyoe.com

mgyoe.com


ဆိုင်မှာကျန်ရစ်ခဲ့လို့ ရင်အေးရပြီ"

တစ်ယောက်တည်းပင် ဖြစ်လင့်ကစားစိတ်ထဲတွင် အကျေနပ်ကြီးကျေနပ်သွားသည်ဖြစ်သောကြောင့် နှုတ်မှအသံထွက်အောင်ပင် ပြောမိတော့၏။

"မင်းက ထင်သကိုးကွ၊ မင်းလွယ်အိတ်ကောက်ဆွဲလိုက်ကတည်းက ငါက ခုန်ဝင်ပြီးသားပါလေ"

"ဟောဗျ"

ကျော်မိုးသည် သူ့လွယ်အိတ်ကလေးကို ဖြုကြည့်မိ၏။ မှန်ပါသည်။ ထောပတ်ရောင် တပြောင်ပြောင်နှင့် ဖိနပ်တစ်ဖက်သည် ခပ်တည်တည်ပင် လွယ်အိတ်ထဲ၌ စံပယ်နေသည်။ ကျော်မိုးသည် စိတ်အလွန်ရှုပ်သွားရတော့၏။

"ဩော် . . မင်းက မင်းကိုယ်မင်းဟုတ်လှပြီပေါ့လေ၊ ဒါဟာ ငါ့လွယ်အိတ် ငါ့သဘော၊ ငါလိုချင်တဲ့ပစ္စည်းမှ ငါထည့်မှာပေါ့၊ မင်းကို ငါမလိုချင်ဘူး။ ဒီတော့ လွတ်ရာ ကျွတ်ရာကိုကြွပေရော့ ကိုဖိနပ်ရေ . . . "

ကျော်မိုးသည် ဆတ်ခနဲပင် ဖိနပ်ကို ယူကာအဝေးသို့ လွှင့်ပစ်လိုက်ပြီးဆက်၍ လျှောက်ခဲ့လေ၏။ သို့သော် . . ကိစ္စမှာ သူထင်သလောက်တော့ မလွယ်ကူပါချေ။ လာပြီးခဲ့ရာ လမ်းဘက်သို့ လွှင့်ပစ်လိုက်ခြင်းဖြစ်သောကြောင့် ဖိနပ်ကလေးသည် တော်တော်ဝေးဝေးသို့ကျရောက်သွားသည်။ သို့ဖြစ်သော်ငြားလည်း မြေကြီးနှင့်ထိမိသည်နှင့်တစ်ပြိုင်နက် ဖိနပ်သည် လျှင်မြန်စွာပင် ခွေ့ခနဲခွေ့ခနဲခုန်ပြေးလာပြီး ကျော်မိုးကို မိသည်နှင့်တစ်ပြိုင်နက် လွယ်အိတ်ထဲသို့ ခုန်၍ဝင်လိုက်လေတော့၏။

mgyoe.com

mgyoe.com

"ကျော်မိုးရာ . . . တစ်ခရီးထဲသွားဖော်ချင်းကို မစိမ်းကား ချင်ပါနဲ့"

"ဟ . . မင်းပြန်ရောက်လာပြန်ပြီလား"

"အေးပေါ့ကွ၊ ဖိနပ်ဆိုတာ ခရီးသွားတဲ့ဘက်မှာ ကျွမ်းကျင်သူ မဟုတ်လားကွ၊ ငါကလည်း မင်းသွားမယ့်ဆီကိုပဲ သွားမှာမို့ လိုက် တာပါကွာ"

"အလို . . ဒါဖြင့် ငါဘယ်သွားမယ်ဆိုတာ မင်းသိတာပေါ့၊ သိရင်ပြောစမ်း"

"လောကမှာ ငါမသိတာ မရှိပါဘူးလေ၊ လမ်းမှာလဲ မင်းဟာ ငါ့အစွမ်းကို တော်တော်မြင်ခဲ့ပြီးသားပဲကွ၊ ဘာဖြစ်လို့ ငါ့စွမ်းရည် ကို ထပ်ပြီး စမ်းသပ်ချင်ရသေးတာလဲ"

"ကဲ . . ဒါဖြင့်လည်း ရှိပါစေတော့၊ ဒါပေမဲ့ မင်းဟာ ကိုယ့် ဘာသာကိုယ်လည်း ခရီးသွားတတ်သားနဲ့ ဘာဖြစ်လို့ ငါ့လွယ်အိတ် ထဲဝင်ဝင်လိုက်ရတာလဲ"

"ဟဲဟဲ . . . ဟဲဟဲ၊ မင်းတို့ လူတွေသက်သာချင်တော့ လှည်း ယာဉ်စီးတယ်မဟုတ်လား၊ အေး . . ငါလည်းပဲ သက်တောင့် သက် သာခရီးသွားချင်တော့ လူယာဉ်စီးတာပေါ့ကွ၊ ဟား . . ဟား . . ကဲ ရောက်ပါတော့မယ်ကွာ၊ ဖေ့သားကြီး ရှုန်းလိုက်စမ်းပါဦး"

"ဟော့ . . တော်တော်လူဝါးဝတဲ့ ဖိနပ်ပါလား၊ ငါ့ကို လှည်းဆွဲ တဲ့နွားလို့ မှတ်နေလားကွ"

"ကဲပါကွာ၊ လှည်းဆွဲတဲ့ နွားမဟုတ်လည်း တခြားနွားပဲ ထား လိုက်ပါတော့၊ စကားကြောမရှည်ဘဲ ခရီးသာဆက်သွားစမ်းပါ၊ ငါ ရောက်ချင်လှပြီကွ"

mgyoe.com

mgyoe.com


မတတ်သာတော့ပြီဖြစ်၍ ကျော်မိုးသည် အောင့်သက်သက်နှင့် ခရီးကိုဆက်ခဲ့ရလေသည်။ မကြာမီကပင် ခပ်လှမ်းလှမ်း၌ လှည်းကုန်သည်များ စခန်းချနေကြသည်ကို အဝေးတွင် လှမ်း၍ မြင်ရလေ၏။

"ဟာ . . ရေသောက်ချင်တာနဲ့ အတော်ပဲ၊ ရေတောင်းသောက်လိုက်ရဦးမယ်"

ကျော်မိုးက တစ်ကိုယ်တည်းပြောလိုက်ခြင်းဖြစ်၏။ သို့ရာတွင် ဖိနပ်က သူ့ကို စကားပြောသကဲ့သို့ ပြန်ပြောနေ၏။

"ဟေ့ကောင် ခရီးကြန့်ကြာတယ်၊ ရေဝင်သောက်မနေနဲ့၊ မင်းသွားရမယ့် ခရီးကိုသာ မြန်မြန်ဆက်သွားပါ၊ ငါရောက်ချင်လှပြီ"

"ဩော် . . မင်းကရောက်ချင်ပေမဲ့ မောတာက ငါကွ၊ ငါရေတောင်းသောက်မှာပဲ ဖိနပ်က ကြီးကျယ်လို့"

"အေး . . ဒါဖြင့်လည်း မင်းငါ့အကြောင်း သိရမှာပေါ့"

"သိသိလေကွာ . . မင်းဟာ ကျေးဇူးကန်းတတ်တဲ့ကောင်ပဲ"

"ဟေ့ ကျေးဇူးတွေဘာတွေ ငါမသိဘူး၊ ငါဟာ ငါလိုချင်တာကိုပဲ သိတယ်။ ငါလိုချင်တာလည်းဖြစ်အောင် လုပ်မှာပဲ၊ အဲဒါ မင်းနားလည်ထားရမယ့်အချက်"

ကျော်မိုးသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ ဖိနပ်ကေ လောကမှာ ကျေးဇူးကန်းသူဟာ ဒုက္ခတွေ့ရစမြဲပဲကွ၊ အဲဒါအမှန်ပဲ"

"မင်းပြောတာ ငါမယုံဘူး၊ ဖိနပ်ချုပ်သမားက ချုပ်လုပ်လိုက်လို့ ငါဟာဖိနပ်ရယ်လို့ ဖြစ်လာခဲ့တဲ့အချိန်ကစပြီး ဒုက္ခဆိုတာ မတွေ့ဖူးဘူး။ ငါ့ကို သာမညဖိနပ်မှတ်နေသလားကွ၊ ငါ့ကိုစီးတဲ့

mgyoe.com

mgyoe.com


လူဟာ လေးလေးစားစားယုယုယယစီးရတယ်။ လမ်းဘေးမှာတွေ့လို့ မင်းက ငါ့ကိုအထင်မသေးပါနဲ့၊ ငါဟာ အထည်ကြီးပျက်ပါကွ"

ဖိနပ်က လေရှည်ရှည်နှင့် ပြောနေပေရာ ကျော်မိုးသည် ဘာတစ်ခွန်းမျှ ဝင်၍ စွက်ဖက်ပြောဆိုခြင်းမပြုတော့ဘဲ သူသွားလိုရာသို့သာ ခြေလှမ်းခပ်သွက်သွက်နှင့် သွားလေ၏။ ခဏအကြာတွင် ပင် လှည်းမှူးဟုယူဆရသူ၏အနီးသို့ ရောက်သွားသည်။

"ဦးကြီးခင်ဗျာ . . ကျွန်တော်ခရီးပန်းလာလို့ ရေကလေးတစ်ပေါက်လောက်သောက်ပါရစေ"

လှည်းမှူးကြီးသည် ကျော်မိုးကို တစ်ချက်မော့ကြည့်လိုက်ပြီးသော် မောပန်းလာသော ခရီးသည်မှန်းသိသွားသဖြင့် ခါးကိုလှည့်၍ ကျောဖက်နားတွင် ထောင်ထားသော ရေထည့်သည့် ဝါးကျည်တောက်ကိုလှမ်းယူပြီး ဝါးခွက်ကလေးထဲသို့ ရေကိုငှဲ့ထည့်နေ၏။

ဤတွင် ဖိနပ်က အစွမ်းပြတော့သည်။

"ရေသောက်ချင်လှလို့ ရေတိုက်ပါဆိုတာ နွေးတုံ့ နွေးတုံ့နဲ့ လုပ်နေတာကိုး၊ ရုပ်ကိုက မထုံတက်သေးနဲ့"

လှည်းမှူးကြီးသည် ဒေါသဖြစ်သွားသောအမူအရာဖြင့် ကျော်မိုးကို လှည့်၍မော့ကြည့်၏။ ကျော်မိုးသည် မျက်စိမျက်နှာပျက်သွားရသည်။

"ဦးကြီး . . ကျွန်တော်ပြောတာမဟုတ်ဘူးခင်ဗျ . . သည်းခံပါ"

လှည်းမှူးကြီးမှာ ကျော်မိုး၏ မျက်နှာတွင် စော်ကားမော်ကားပြုလိုပုံ တစ်စုံတစ်ရာမတွေ့သဖြင့် ပြန်လှည့်ပြီး ဇဝေဇဝါနှင့်ပင်

mgyoe.com

mgyoe.com


ရေကိုဆက်ငှဲ့ပြန်၏။

"လုပ်ပုံကိုင်ပုံကတော့ တော်တော်အသုံးမကျတဲ့ပုံကို ပြနေတာပဲ၊ ဒါနဲ့များ မယားငယ်လေးယူချင်သေးတယ်"

လှည်းမှူးကြီး၏ ဒေါသသည် အတိုင်းအတာကုန်သွားလေတော့သည်။ ရေငှဲ့ထည့်ထားပြီးသော ဝါးခွက်ကိုမှောက်၍ သွန်ပစ်လိုက်၏။

"သွား . . မင်းဟာ ငါ့ကို သက်သက်လာပြီး စော်ကားတာ၊ မြန်မြန်သွား ငါထသတ်မိလိမ့်မယ်"

ကျော်မိုးသည် မျက်စိမျက်နှာပျက်လှစွာဖြင့် လွယ်အိတ်ထဲက ဖိနပ်ကို ထုတ်ကာ လှည်းမှူးကြီး၏ရှေ့တွင်ချပြ၏။

"စောစောက စကားတွေဟာ ကျွန်တော်ပြောတာမဟုတ်ပါဘူး။ ဒီဖိနပ်ကပြောတာပါ စိတ်ဆိုးပါနဲ့ ခင်ဗျာ"

လှည်းမှူးကြီးသည် ဖိနပ်ကို မဲ့ရွဲ့၍ကြည့်လိုက်ပြီး ကျော်မိုးကို မော်ကြည့်၏။

"မင်းက ငါ့ကို သူငယ်နှပ်စားမှတ်လို့ လာလှည့်ဖြားနေတာလားကွ၊ ငါ့အသက်ဟာ မင့်အသက်နှစ်ပြန်လောက်ရှိတယ်။ ဖိနပ်က စကားပြောတယ်လို့ တစ်ခါမှမကြားဖူးဘူး။ သွားပါကွာ . . . ငါထသတ်မိလိမ့်မယ်"

ကျော်မိုးသည် ဖိနပ်ကို လက်ကလေးဖြင့် တွန်းရွှေ့ရင်းပြော၏။

"ဟော့ကောင် . . မင်းဟာ သာမညဖိနပ်မဟုတ်ကြောင်း ပြလိုက်လေပြလိုက်ပါကွ၊ စကားလေးတစ်ခွန်းလောက် ပြောလိုက်စမ်းပါကွာ"

ဖိနပ်ကား တုတ်တုတ်မှမလှုပ်ချေ။ ဖိနပ်တို့၏ ထုံးစံအတိုင်း

mgyoe.com

mgyoe.com

ပင် ထားရာ၌ ငြိမ်ငြိမ်ကလေးနေနေ၏။

ထိုအခါ လှည်းမှူးကြီးသည် ကျော်မိုးအပေါ်ပို၍ မကျေမချမ်း ဖြစ်လာလေတော့၏။

"ဟဲ့ကောင် . . လူကဖြင့် လက်တောက်လောက်ရှိသေးတယ်။ ငါလို ကောင်ကို လာစော်ကားလို့ မင်းသေဖို့သာပြင်"

သူသည် ပြောပြောဆိုဆိုနှင့် လှည်းထောက်ကိုရှာသလား၊ အခြားသော ရိုက်နှက်စရာပစ္စည်းတစ်ခုခုကို ရှာသလားတော့မသိ၊ ဟိုဟိုသည်သည်လှည့်၍ မျက်စိများက ရှာဖွေ၏။ ထိုအခိုက်တွင် ကျော်မိုးသည် လျင်မြန်စွာပြေးထွက်လာခဲ့လေတော့သည်။ ကျော်မိုးလစ်ပြေးပြီကိုတွေ့သော် လှည်းမှူးကြီးသည် ထွက်ပြီးသားဖြစ်နေသည့် ဒေါသဟုန် အရှိန်ကုန်သွားစေခြင်းငှာ မျက်စိအောက်တွင် တွေ့ရာဖြစ်သော ဖိနပ်နှင့်ပင် လှမ်း၍ပစ်ပေါက်လေသည်။ ဖိနပ်ကလေးသည် လေထဲတွင်လျင်မြန်လှသောအရှိန်ဖြင့် လွင့်ပါးသွားကာ ပြေးနေသော ကျော်မိုးကို မီသည်နှင့်တစ်ပြိုင်နက် လွယ်အိတ်ထဲသို့ စွေခနဲ ဝဲပျံဝင်ရောက်သွားလေတော့၏။

တော်တော်ကလေးဝေးမှ အပြေးရပ်ပြီး ကျော်မိုးသည် ဖိနပ်ကို စကားပြောလေသည်။

"မင်းတော်တော်နှောင့်ယှက်တဲ့ကောင်ပဲ။ ကျေးဇူးကန်းတဲ့ကောင်. . . မင်းတစ်နေ့ဒုက္ခတွေ့မယ်"

"ဒုက္ခဆိုတာ ငါနားမလည်ပါဘူးဆိုမှ မင်းကလည်း ဒါပဲ ထပ်ထပ်ပြောနေတယ်။ ဒုက္ခကို မင်းတော်တော်ချစ်တယ်ထင်တယ်။ တမ်းတမ်းတတကိုဖြစ်လို့"

"ဟော့ . . ငါအခု ရေငတ်လှပြီ။ ဒါဒုက္ခပေါ့"

mgyoe.com

mgyoe.com

"ငါကတော့ ရေမငတ်ပေါင်"

"ဩော် . . သူများလွယ်အိတ်ထဲက အမြိုက်သားထိုင်လိုက်တဲ့ ကောင်က ရေငတ်ရမတဲ့လားကွ"

"ကဲပါကွာ . . ရှေ့ကရွာရောက်ရင် မင်းရေရပါစေ့မယ်။ မင်း ပါးစပ်က ထုတ်ပြီးတောင်းနေဖို့တောင်မလိုရဘူး။ မင်းရေတွေကို မနိုင်မနင်းရရပါစေ့မယ်။

ကျော်မိုးက ဘာမျှပြန်မပြောတော့ဘဲ ရှေ့ဆက်၍သာလျှောက် ခဲ့လေရာ၊ ရွာတစ်ရွာသို့ ဆိုက်ရောက်လေ၏။ သူသည် ဖိနပ်၏ စကားအတိုင်း နှုတ်က တစ်ခွန်းတစ်ပါဒမျှ ဖွင့်ထုတ်တောင်းခံခြင်း မပြုဘဲ ရွာလမ်းမအတိုင်း ဖြတ်လျှောက်လာခဲ့လေ၏။ တစ်နေရာသို့ အရောက်တွင် ဖိနပ်သည် ကျယ်လောင်စွာ အော်ဟစ်လေတော့ သည်။

"မီးဗျို့ . . . မီး . . မီး . . လာကြပါဦး၊ မီးလောင်တယ်"

ချက်ခြင်းလိုလိုပင် ရွာသူရွာသားများသည် ရေပုံးကြီးများဆွဲ၍ လည်းကောင်း၊ မီးကပ်များဆွဲ၍လည်းကောင်း၊ ဟိုဟိုသည်သည်က ထွက်ပေါ်ရောက်ရှိလာကြလေ၏။ သို့သော် သူတို့သည် ဘယ်ကို ကြည့်၍မျှ မီး၏အစအနကို မမြင်ကြရသောအခါ သုန်မှုန်စွာနှင့် ကျော်မိုးဆီသို့ ဝိုင်းအုံရောက်ရှိလာကြ၏။

ဤတစ်ချိတွင်ကား အဝိုင်းခံနေရသည်ဖြစ်သောကြောင့် ကျော် မိုးသည် ဦးအောင်မပြေးသာတော့ချေ။

"ဒီကောင်လုပ်လို့ ငါတို့ သက်သက်အလုပ်ပျက်တယ်။ ဒီကောင့် ကိုပဲ ရေနဲ့ဝိုင်းလောင်းကြဟေ့ . . လောင်းကြကွ"

"လောင်းကြ . . . လောင်းကြ"ဟု ဖိနပ်ကပါ သူတို့နှင့်ရောာ၍

mgyoe.com

 gyoe.com 

ညာသံပေးလေရာ၊ ရွာသူရွာသားတို့သည် ကျော်မိုးကို ရေများနှင့် တဗွမ်းဗွမ်းလောင်းချကြလေတော့၏။ သကြ်ာန်တစ်နေရာတည်း ကွက်၍ကျရောက်နေသည်နှင့်ပင် တူသေးတော့သည်။

ရေများရွှဲနစ်နေသဖြင့် ကြွက်စုတ်ကလေးသဖွယ် ဖြစ်နေသော ကျော်မိုးကို အချို့ရွာသားတို့သည် တင်ပါးကို မီးကပ်များနှင့်ရိုက်နှက်ကြသေး၏။ တစ်လမ်းလုံးကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံ အတိုင်းပင် ကျော်မိုးသည် ပြေးလွှားရပြန်လေတော့သည်။

"တော်တော်ကလေး မောသွားတယ် ထင်တယ်"

ခရီးတစ်နေရာသို့ ရောက်သောအခါ ဖိနပ်က ခပ်ဖြည်းဖြည်း အသံဖြင့် မေးမြန်းသည်။ ကျော်မိုးကား စိတ်ကုန်ပြီဖြစ်သော ကြောင့် ဖိနပ်ကို ဘာတစ်ခွန်းမျှ ခွန်းတုံ့ပြန်ပြောခြင်းကိုမပြုချေ။

"ဟဲ ဟဲ . . စိတ်တော်တော်တိုသွားတယ်ထင်တယ်။ တယ် လေ. . . ငါဆွဲဆန့်လိုက်ရ၊ မင်းဆန့်ငင် ဆန့်ငင်ဖြစ်သွားရော မယ်။ ကဲပါကွာ မင်းသိပ်စိတ်မညစ်ရတော့ပါဘူး။ မင်းသွားချင်တဲ့ နေပြည်တော်ဟာ ရှေ့မှာမြင်နေရပါပြီ"

နေပြည်တော်သို့ ရောက်ကြပေတော့မည်။ နေပြည်တော်တွင် ရှင်ဘုရင်ကြီးသည် "အထူးအဆန်းပြသနိုင်သူအား ဆုချီးမြှင့်မည်" ဟု ကြော်ငြာကပ်ထား၏။ ရှင်ဘုရင်ကြီး၏ ကြော်ငြာကြောင့်အရပ် ရပ်မှ လူတို့သည် အထူးအဆန်းများလာရောက်လုပ်ပြကြ၏။

အချို့သူများက ဝါးလုံးကို ကွက်လပ်ထဲ၌ အမီမရှိဘဲထောင် ထားပြီး၊ ဝါးလုံးထိပ်ဖျား၌ နှာခေါင်းကို ထောက်ကာကင်းမြီး ကောက်ထောင်ပြ၏။ ထိုအခါ ရှင်ဘုရင်ကြီးက "ထူးတော့ ထူးဆန်း ပါတယ်။ ဒါပေမဲ့ ငါလိုချင်တဲ့ အထူးအဆန်းတော့ မဟုတ်သေးဘူး"

mgyoe.com

ဆိုတာ ဆုငွေအနည်းငယ်ချီးမြှင့်၍ ပြန်လွှတ်လိုက်သည်။

အချို့ကမူ အလွန်ပျော့ပျောင်းသည်ဖြစ်၍ ခါးမှနေပြီး တစ်ပတ်လှည့်ကာ ရယ်ပြသည်။ ထိုသို့သော သူများကိုလည်း ရှင်ဘုရင်ကြီးက အထက်ပါအတိုင်းပြောကြားပြီး ဆုငွေအနည်းငယ်ချီးမြှင့်ကာ ပြန်လွှတ်သည်။

ရှင်ဘုရင်ကြီး၏ ကြော်ငြာတွင် အထူးအဆန်းကို လုပ်ပြရမည်ဟု တိတိကျကျမပါသဖြင့် အချို့လူများကား ထူးဆန်းသော အရာဝတ္ထုများကို လာရောက်ပြသကြ၏။

သူတို့လာရောက်ပြသကြသော အရာများထဲတွင် ဖက်ဖူးရောင်ကြောင်များ၊ နှုတ်ခမ်းမွေးစုတ်ဖွားနှင့် မိန်းမသွေးလိုက်တိုင်း သနပ်ခါးမထွက်ဘဲ၊ ဘဲသွေးများအခဲလိုက်ထွက်တတ်သော ကျောက်ပြင်ဆန်ကိုထည့်ချင်သလောက်ထည့်၍ တည်ကာ အချိန်တန်၍ အဖုံးဖွင့်လိုက်လျှင် ထမင်းလုံးဝမရှိဖြစ်တတ်သော ထမင်းအိုး၊ သူ့ဘာသာ သူဆိုလျှင် စာတွေနင်းကန်ရေးနေပြီး၊ လူက ကိုင်၍ရေးလျှင် ဘာမျှမထင်သော ကျောက်တံ၊ အနံ့ကလေးက ချိုမွှေး၍ စားချင်စဖွယ်ကောင်းသောကြောင့် လှမ်းယူပြီး ပါးစပ်ထဲတွင် မြုံသော် တစ်ချက်ထည့်မိရုံနှင့် ပါးစပ်ကို နာရီဝက်ခန့် ပြန်ဟ၍မရသော ဇီးပေါင်း ဘယ်လိုဝတ်ဝတ်စွပ်လိုက်တိုင်း တစ်ပေါက်ထဲသို့သာ ခြေထောက်နှစ်ဖက်စလုံးရောက်ရသော ဘောင်းဘီ၊ စမ်းသပ်သူသည် တစ်သက်တွင် တစ်ကြိမ်သာ စမ်းသပ်ကြည့်နိုင်သည်ဟုဆိုသော ပစ်ချင်ရာသို့ပစ်၊ ပစ်လိုက်လျှင် မြှားတံသည် တစ်ပတ်ကွေ့လာပြီး ပစ်သူ၏ နောက်စေ့သို့ ထိုးဖောက်ဝင်ရောက်အောင် ပစ်နိုင်သည့် လေးတံ။ မအိပ်မနေဘဲ ရက်ပေါင်းသုံးရာတိတိ ထမင်းချည်းထိုင်၍

 mgyoe.com



စားနိုင်သော လူဝကြီး ငါးပိရည်ကို ခံတက်ချဉ်နှင့် တို့၍ စားခြင်းမှ လွဲ၍ အခြားဘာကိုမျှမစားသော ဝက်ဝံ၊ ကြည့်လျှင် တံတောင်ခန့် သာဖြစ်၍ ထည့်လိုက်သောပစ္စည်းကို ပြန်နှိုက်ယူလျှင် ဘယ်တော့မှ နှိုက်၍မမီသော ပလိုင်း။ တီးလိုက်မိလျှင် လက်သီးကပ်နေ၍ သုံးကြိမ်တိတိ ရိုက်ကြီးတငင်ငိုမှ လက်ကိုပြန်၍ ခွာနိုင်သော အိုးစည် အစရှိသည့်အရာများပါဝင်လေသည်။

သို့သော် ရှင်ဘုရင်ကြီးသည် ထိုသို့လာရောက်ပြသကြသောသူများကို "မင်းတို့ဟာက ထူးဆန်းတော့ ထူးဆန်းပါတယ်။ ဒါပေမဲ့ ငါလိုချင်တဲ့ အထူးအဆန်းတော့မဟုတ်သေးဘူး"ဟူ၍ ချည်းပြောကာ ဆုငွေအနည်းငယ်ချီးမြှင့်၍ ပြန်လွှတ်လိုက်၏။

ကြာသောအခါ အထူးအဆန်း ပြသနိုင်သူတို့ကို ကုန်ခန်းသွားတော့သည်။ တစ်နေ့လုံး တစ်ယောက်မျှမလာသည့်အခါ ရှင်ဘုရင်ကြီးသည် စိတ်တိုလာ၏။ ထို့ကြောင့် အနီးအနားတွင် ခစားနေကြရသောသူများသည် အထူးအဆန်းပြသနိုင်သူတွေကို မရအရ အတင်းရှာဖွေခေါ်ငင်၏။ သို့သော် ရှားပါးလှချေ၏။

ထိုအချိန်တွင် ကျော်မိုးသည် နန်းတော်၏ရှေ့သို့ဖြတ်သန်း ရောက်ရှိလာလေ၏။ ဝင်းမှူးသည် ယောင်ပေယောင်ပေနှင့် လျှောက်လာသော ကျော်မိုးကို မြင်သောအခါ အတင်းပင် လက်မောင်းကို ဖမ်းဆုပ်၏။

"ဟေ့ကောင် မင်းအထူးအဆန်းလာပြတာမဟုတ်ဘူးလား"

ကျော်မိုးသည် ခဏတွေသွား၏။ ဝင်းမှူးကြီးသည် ဝမ်းသာအားရဖြစ်ကာ အတင်းပင်ဆွဲသွင်းသွားလေရာ ကျော်မိုးကလည်း ရုန်း၏။

mgyoe.com

mgyoe.com


"မဟုတ်ဘူးခင်ဗျ . . . အထူးအဆန်းမပြနိုင်ဘူး"

ဝင်းမှူးကြီးမှာ ခွန်အားဗလကောင်းသူဖြစ်သဖြင့် ကျော်မိုးမှာ ယက်ကန်ယက်ကန်နှင့်ပင် ဒရွတ်တိုက်ပါသွားရသည်။ သူသည် ရှင်ဘုရင်ကြီးနှင့် တွေ့ချင်ပါ၏။ သို့သော် အထူးအဆန်းတော့မပြနိုင်ပါ။ သူ့တွင် စကားပြောတတ်သော ဖိနပ်တစ်ဖက်တော့ရှိသည်။ သို့သော် ဖိနပ်သည် လူတွေရှေ့တွင် စကားပြောချင်မှ ပြောသဖြင့် မပြသရဲပါ။ ယခင်လူတွေက ဆဲဆိုရိုက်နှက်လွှတ်ရုံသာလုပ်နိုင်သည်။ ယခုဟာက ရှင်ဘုရင်ကြီးဖြစ်၏။ ပြသတိုင်း မဖြစ်လျှင် အသေသတ်ပစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ကျော်မိုးခမျာတော့ ယက်ရင်းကန်ရင်းနှင့်ပင် ဘုရင်၏ ရှေ့တော်မှောက်သို့ ရောက်ခဲ့ရလေပြီတကား။

ရှင်ဘုရင်ကြီးသည် ဝမ်းသာအယ်လဲဖြစ်ကာ အားရပါးရ မေးမြန်းလေသည်။

"ကဲ . . မောင်ရင်က ဘာအထူးအဆန်းကို ပြသနိုင်သလဲ"

"ဘာမှမပြသနိုင်ပါဘုရား"

ရှင်ဘုရင်ကြီးသည် မျက်လုံးကြီးများပြူး၍ ဝင်းမှူးကိုလှည့်ကြည့်သည်။ ဝင်းမှူးမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရတော့၏။

"ကျွန်တော်မျိုး မေးတော့ သူက လွယ်အိတ်ကို လက်တစ်ဖက်က စမ်းရင်း နဝေတိမ်တောင်လုပ်နေတယ်ဘုရား။ ဒင်းရဲ့လွယ်အိတ်ထဲမှာ တစ်ခုခုတော့ပါမှာပဲ"

ပြောပြောဆိုဆိုနှင့် ဝင်းမှူးသည် ကျော်မိုး၏ လွယ်အိတ်ကို ဆတ်ခနဲဆွဲယူပြီး အတွင်းကပစ္စည်းကိုကြည့်၏။

"ဟာ . . ဖိနပ်တစ်ဖက်"

mgyoe.com

ဝင်းမှူးသည် ဖိနပ်ကိုထုတ်၍ ရှင်ဘုရင်ကြီး၏ ရှေ့တွင်ချလိုက်ရာ ပတ်ဝန်းကျင်က လူများသည် ဝိုင်း၍ရယ်ကြလေ၏။ ကျော်မိုးက မရယ်မောနိုင်ပါ။ သူသိပါသည် ဖိနပ်သည် ဘာအစွမ်းမှ မရှိသောသာမည ဖိနပ်ကလေးအသွင်နှင့် ငြိမ်ငြိမ်ကလေးနေမည်ကို သူသိပါသည်။ သည်တော့ သူအသတ်ခံရပါတော့မည်။ အခြေအနေသိသော ကျော်မိုးသည် မရယ်မောနိုင်ရုံမက ချွေးသီးချွေးပေါက်များပင် စီးကျလာရတော့၏။

သို့သော် . . ရှင်ဘုရင်ကြီးသည် ဖိနပ်ကိုမြင်သောအခါ လွန်စွာအားရဝမ်းသာဖြစ်သွားပြီး သူ့တွင်ရှိသော အခြားတစ်ဖက်နှင့် ရင်ချင်းအပ်ကာ ကြိုးဖြင့်စည်းနှောင်လေရာ။ နန်းတော်တစ်ခုလုံးမှာ မရယ်နိုင်တော့ဘဲ ငြိမ်သက်သွားလေ၏။

"ကိုင်း . . မောင်မင်း ဘာဆုကို လိုချင်တာသလဲ။ ငါလိုချင်တာရပြီ"

ကျော်မိုးသည် ဝမ်းပန်းတသာဖြစ်သွားပြီး အားရပါးရလျှောက်တင်လေ၏။

"ကျွန်တော်မျိုးရဲ့ဖခင်ဟာ သူကြီးပါဘုရား။ ဖခင် ကွယ်လွန်တော့ ရွာထဲက လူတစ်ယောက်ဟာ ကျွန်တော်မျိုး မိခင်နဲ့ ကလေးငယ်များကိုရွာမှ မနေနိုင်အောင် နှိပ်စက်မှုပြုလို့ ကျွန်တော်မျိုးတို့ တခြားရွာကို ထွက်ပြေးနေကြရပါတယ်ဘုရား"

"ကောင်းပြီ . . အမတ်ကြီးများ မှတ်ထား၊ မတရားသူကိုဖမ်းပြီး အပြစ်ပေးပြီး သူ့ကို အဲဒီရွာမှာ သူကြီးခန့်ထားကြ။ ကဲ . . ဖိနပ်အကြောင်းပြောပြမယ်။ ဒီဖိနပ်ကို ရသေ့ကြီးတစ်ပါးက ငါ့ကို စွန့်ခဲ့တာ။ ဟောဒီ ကျန်တဲ့ဖိနပ်က ရိုးရိုးဖိနပ်၊ အခုသူယူလာတဲ့

mgyoe.com

ဖိနပ်က စကားပြောတတ်တယ်။ ငါတောလည်ထွက်ရင်း၊ ကျပျောက် ရစ်ခဲ့တာ။ နှစ်ဖက်စုံနေလျှင် ရှိုးရှိုးပဲ။ ဒီတော့သူ့ကိုချွတ်ပြီး ငါဟာ ခြေတင်စဉ်းစားရင် သူက ငါ့ကိုအကြံညာဏ်တွေပေးတယ်။ ဒါပေမဲ့ ကြာတော့ ငါဟာ သူမရှိရင် မအုပ်ချုပ်တတ်တော့ဘူး ဖြစ်လာ တယ်။ ဟော . . မကြာခင် သူ့ကို ပျောက်ခဲ့တော့ ငါစိတ်တင်းပြီး စဉ်းစားအုပ်ချုပ်တာ အကြံတွေ ပြန်ထွက်ပေါ်လာတယ်။ တကယ် ဆိုတော့ ငါဟာ သူ့ကိုအားကိုးလွန်ပြီး အညွှန့်တုံးခဲ့တာ။ ဒီကောင် ရှိနေသမျှ ရတဲ့လူတွေ အညွှန့်တုံးမှာစိုးပြီး ငါပြန်ရချင်နေတာ။ အားလုံးမှတ်ထားကြ လူဟာ ကိုယ့်အရည်အချင်းကို ဖွံ့ဖြိုးအောင် မလုပ်ဘဲ၊ တစ်ပါးသူကို အားကိုးလွန်းတာ အညွှန့်တုံးတာပဲ။ ကဲ. . ဒီဖိနပ်တစ်ရံလုံးကို ဗလဝါမုခဝဲထဲ သွားပစ်ချေ"

"အရှင်ဘုရား . . သူ့ဘာသာသူ ပြန်လာတတ်တယ်ဘုရား"


"ဒီလိုရင်ချင်းဆိုင်ပြီး ချည်ထားရင် ဒီကောင်ဘာအစွမ်းမှမရှိ တော့ဘူးကွ . . ငါသိတယ်"

ဤသို့ဖြင့် ကျော်မိုးကို အနှောင့်အယှက်တွေပေး၍ တစ်လမ်း လုံးနွားမောင်းသလိုမောင်းခဲ့သော ဖိနပ်ကလေးတစ်ဖက်မှာ အဖော် နှင့်တွေ့မှ ဝဲထဲသို့ ကျရောက်နိဂုံးချုပ်သွားရလေတော့သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## တစ်လုံး နှစ်လုံး သုံးလုံး

ဇီရာသည် အတော်ပင် မကျေမချမ်းဖြစ်နေသည်။

မကျေမချမ်းဖြစ်နေရုံမှအပ အခြားလည်း ဘာမျှမတတ်နိုင်သဖြင့် မကျေမချမ်းသာဖြစ်နေရပြီး တောလမ်းကလေးကို လျှောက်လာနေသည်။ သူမရောက်ဖူးသော နေရာဖြစ်သော်လည်း နံဘေးနံဘီသို့လှည့်ပတ်ကြည့်ရှုနေခြင်းမရှိဘဲ စိုက်စိုက် စိုက်စိုက်နှင့်သာ လျှောက်လာခဲ့၏။

ဆယ့်ခြောက်နှစ်သားအရွယ်တွင် မောင်းထုတ်ခြင်းခံခဲ့ရ၏။ ဖခင်သေဆုံးပြီးခါစ ပူပူနွေးနွေးတွင် မောင်းထုတ်ခြင်းခံခဲ့ရသောကြောင့် ပို၍ကြေကွဲစရာဖြစ်ရသည်။ ကြီးကျယ်ခမ်းနားလှသော နေရာထိုင်ခင်းကြီးကို စွန့်ပစ်၍ ထွက်ခဲ့ရသဖြင့် ရင်နှင့်ရသည်။ မိခင်ကြီးနှင့် ညီမငယ်လေးတို့ကို ထားရစ်ခဲ့ရသောကြောင့် သာ၍ ဖြေမဆည်နိုင်ဖြစ်ရ၏။

"ဟင်း"

သူသည် သက်ပြင်းရှည်ကြီးကို ချ၍ ခြေထောက်များကို မသယ်ချင့်သယ်ချင်နှင့်လှမ်းလာခဲ့ရ၏။

mgyoe.com

mgyoe.com


ထိုအခိုက်တွင် ရှေ့တူရူဆီမှ ခြေသံကြားရသဖြင့် ငိုက်စိုက်ကျသောဦးခေါင်းကို ထောင်မတ်၍ ကြည့်မိသည်။ ရှေ့တူရူမှ သူ့ဘက်ဆီသို့ လူတစ်ယောက်သည် လျှောက်လာနေ၏။ ထိုသူသည် ထူးခြားနေသည်။ သူသည် ဇီရာကဲ့သို့ပင် ခေါင်းငိုက်စိုက်ချ၍လျှောက်လာနေ၏။ သို့သော် သူငိုက်ထားလိုက်သည်မှာ ဇီရာထက်ပင် ပိုကဲနေသည်။ မေးစေ့ကြီးရင်ဘတ်သို့ ထောက်၍ ဇက်ကျိုးနေသလားမှတ်ရအောင် ဦးခေါင်းကို ငိုက်စိုက်ချထားသည်။ သို့သော် ခြေလှမ်းများ လှမ်းရာတွင်ကား ဇီရာကဲ့သို့ ခြေကိုမသယ်ချင့် သယ်ချင်လှမ်းနေသည်မဟုတ်၊ တစ်ပါးသူများကဲ့သို့ပင် ခပ်မှန်မှန်နှင့် ဖျတ်ဖျတ်လတ်လတ်လျှောက်လာနေ၏။

ထို့ကြောင့် သူ့အသွင်သဏ္ဌာန်မှာ စိတ်ပျက်နေသည်နှင့်မတူဘဲ မြေကြီးပေါ်တွင် ပစ္စည်းတစ်စုံတစ်ခုကို ရှာဖွေကြည့်ရှုရင်း လျှောက်လာသည်နှင့် တူနေတော့သည်။

ဇီရာသည် စိတ်ကောင်းရှိသော သူငယ်ကလေးဖြစ်သည်နှင့် လျော်ညီစွာတစ်ပါးသူအား ကူညီစရာအကြောင်း ပေါ်ပေါက်လာလျှင် မိမိ၏ခံစားမှုကို မေ့တတ်သည်။ ထို့ကြောင့်ပင် ဇီရာတွင် ဝမ်းနည်းပမ်းနည်းစိတ်တွေပျောက်သွား၍ လာနေသော သူ၏ကိစ္စတွင် ဝင်ရောက်ကူညီလိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် ထိုသူ၏အနားသို့ ပြေးကပ်၍ သွားမိလေ၏။

"ဘာတိုရှာနေတာလဲ၊ ပြောလေ၊ ကျွန်တော်လည်း ကူပြီးရှာပေးပါ့မယ်"

ဇီရာသည် ပြောပြောဆိုဆိုနှင့် ထိုသူ၏ ခြေရင်းနားတွင် ကုန်းကုန်းလုပ်ကာ မြက်ပင်ပန်းပင်ကလေးများကို ဟိုဖယ်သည်ဖယ်နှင့်

mgyoe.com

mgyoe.com

ပြုလုပ်နေ၏။ ထိုသူသည်လည်း ခြေစုံရပ်လိုက်ကာ ခါးကြိုးကို ကိုင်းလိုက်၏။ ဇီရာမှာ ရမ်းသာရှာနေရသည်ဖြစ်၍ ဘာကိုမျှမတွေ့ချေ။ သို့ဖြင့် မြေပေါ်တွင်ဆောင့်ကြောင့်ထိုင်လိုက်၍ ပို၍သေချာစွာ မြေစကလေးများကိုပင် ဟိုယက်သည်ယက်နှင့် ရှာပြန်သည်။ ထိုအခါတွင် သူသည် ခါးတောင်းကျိုက်လိုက်ကာအနီးက သစ်ကိုင်းကို ခြေဖြင့် တွဲလွဲချိတ်၍ ဇောက်ထိုးကြီးလုပ်နေသည်။

ဇီရာသည် မတ်တပ်ပြန်ရပ်ကာ ထူးခြားသော အပြုအမူများကိုပြုလုပ်နေသော ထိုသူကို စိတ်မရှည်တော့သလို ကြည့်၍ပြော၏။

"ဘယ်လိုလဲဗျ၊ ကျွန်တော်က ဟော့ စေတနာနဲ့ ရှာပေးမလို့ လုပ်နေတယ်။ ခင်ဗျားကတော့ ကျွန်တော့်ကို ဂရုမစိုက်ဘဲ အလကားနန့်ကြောဆွဲနေတာကိုးဗျ"

ထိုသူသည် မြေပြင်ပေါ်ပြန်ရပ်၍ စောစောကလို ခေါင်းကြီး ငိုက်စိုက်ချရင်းက ပြန်ပြော၏

"မင်း ဘာတွေလုပ်နေသလဲလို့ ငါက ကြည့်တာပါကွ၊ ငါက ဘာမှရှာနေတာမဟုတ်ဘူး၊ သူလို ငါလိုလမ်းလျှောက်လာတာပဲ ဟာ"

"နို့ . . ခင်ဗျားဇက်ကြီးက ဘာဖြစ်လို့ ကျိုးနေရတာလဲ"

"ဟာ ဒါလား၊ ဟားဟား. . မင်းက ငါ့အကြောင်းမှမသိဘဲကိုး"

"အခုမှ တွေ့တဲ့လူချင်းဆိုတော့ ဘယ်သိပါ့မလဲ၊ ခင်ဗျား အကြောင်းက ဘယ်လိုလဲ၊ ဇက်ကြီးကျိုးရင်း လမ်းလျှောက်ရင် ဘာစွေ နဲ့တူတယ်ဆိုပြီး သူများတွေက ခေါ်စာပစ်တော့ အချောင်စားချင်တဲ့ အကြောင်းလား"

"တော်စမ်းပါကွာ . . မင်းလည်းမပြင်ဘူး၊ ငါလည်းမမြင်ဘူး

mgyoe.com

mgyoe.com

တဲ့ တစ္ဆေတွေ၊ သရဲတွေအကြောင်းကို ပြောမနေစမ်းပါနဲ့ကွာ၊ ငါက မင်းတို့နဲ့ မတူတာရှိတယ်ကွ၊ ငါ့မှာ မျက်လုံးတစ်လုံးထဲပါတယ်။ အဲဒီမျက်လုံးကလည်း ဟောဒီငယ်ထိပ်မှာကွ"

သူသည် ပြောပြောဆိုဆိုနှင့် လက်များဖြင့် ဆံပင်များကို ရှင်း၍ပြလေရာ ငယ်ထိပ်တည့်တည့်မှ ပေကလပ် ပေကလပ်နှင့် မျက်လုံးတစ်လုံးကို ဇီရာက မြင်မိလေတော့သည်။

"ဩော် .. ဒီလိုကိုး"

"အေး .. ဒီလိုပဲကွ၊ ဒီကြားထဲ မင်းက ငါ့ခြေထောက်ရင်းမှာ ကုန်းကုန်းကွကွလာလုပ်တော့ ငါ့မျက်လုံးက မမြင်ရတော့ဘူး၊ ဒါနဲ့ သစ်ကိုင်းမှာ ခြေချိတ်ပြီး စောက်ထိုးကြည့်ရတာကွ၊ ရှင်းပြီလား"

"ရှင်းပါပြီဗျာ၊ ဒါထက် ခင်ဗျားနာမည်က ဘာတဲ့လဲ"

"ငါ့နာမည်အသာထားပြီး မင့်နာမည်နဲ့ မင့်အကြောင်းကို ပြောပြစမ်းပါဦး၊ မင်းလာနေတာ အဝေးကြီးကတည်းက ငါမြင်ပါတယ်။ မင်းကိုကြည့်ရတာ တော်တော်ပဲ စိတ်မချမ်းမသာဖြစ်နေပုံရတယ်လေ။ ပြောပြစမ်းပါ၊ ငါတို့ ညီအစ်ကိုတတွေဟာ ဒုက္ခရောက်နေသူကို သိပ်ပြီးကူညီတတ်တာကွ"

ဇီရာသည် အားကိုးသော စိတ်နှင့် ထိုလူကို မော့ကြည့်၏။ ဆံပင်တွေကြားက မျက်လုံးကို အတော်ပင်ကြည့်ယူရသည်။

"ကျွန်တော့်နာမည်က ဇီရာတဲ့ .."

"ဟ .. ကြဲကြဲဖန်ဖန် မှည့်တတ်လှချည့်ကလားကွာ၊ ဆန်နာမည်တဲ့တူတဲ့နာမည်ကိုမှ မှည့်ရသလားကွ"

"ဒါကတော့ လူနာမည်နဲ့တူတဲ့ ဆန်တွေကလည်း ရှိတာပဲပေါ့"

"ရှိမယ် မထင်ပေါင်ကွာ၊ ငခွံနီ၊ ငစပါးနက်၊ ငမြီးတုံး ဟာ

mgyoe.com

မကြားဖူးပါဘူးကွာ၊ မင်းပဲကြုံကြုံဖန်ဖန်"

"ဘယ်လိုလဲဗျ၊ ငစိန်တို့ ငကျွဲတို့ဆိုတာကကော လူနာမည်နဲ့ မတူဘူးလား"

"အေး . . ဟုတ်သားပဲ၊ ကဲ . . ဆက်ပြောပါဦး"

ကျွန်တော့်မှာ ဦးလေးတစ်ယောက်ရှိတယ်"

"ဟာ . . တစ်ဝမ်းကွဲတွေပါပေါင်းရင် ငါတို့မှာဦးလေးတွေ ဆယ်ယောက်လောက်ရှိတယ်။ မင့်မှာ ရှားရှားပါးပါး ဦးလေးတစ်ယောက်ထဲလားကွာ"

"ဩော် . . နှစ်ဝမ်းကွဲ သုံးဝမ်းကွဲတွေပါ ပေါင်းရင် ကျွန်တော့်မှာ ဦးလေးပေါင်းရာကျော်ပါတယ်ဗျ၊ ဒါပေမဲ့ ကျွန်တော်ပြောချင်တာက ဒီဦးလေးတစ်ယောက်ထဲပါ၊ အဲဒီဦးလေးနာမည်က ဘယကျော်တဲ့ . ."

"ဟာ . . လုပ်ပြန်ပဟာ၊ ဦးလေးနာမည်ကလည်း ဗယာကြော်တဲ့လား၊ ဒါဖြင့် ဘကြီးက မုန့်လုံးကြီးဖြစ်မယ်၊ ကြီးဒေါ်က မုန့်ကျွဲသဲ၊ တူကလေးက မုန့်ဗိုင်းတောင့်၊ တူမလေးက မုန့်ကတိုးဝါ ပေါပေါ့ ယောက်ဖက ကရေကရာဖြစ်မှာပေါ့နော်"

ဇီရာသည် စကားပြောရာမှာ တော်တော်စိတ်ပျက်သွားပုံရသည်။

"ဘယ်လိုလဲဗျ ကျွန်တော့်အကြောင်းကို ပြောပြရမယ်ဆိုပြီး ခင်ဗျားကချည်းပြောချင်ရာတွေ လျှောက်ပြောနေရသလား"

"ဘုတ်တေးပါကွာ . . ဘုတ်တေး စိတ်မဆိုးပါနဲ့ မင်းက ဦးလေးနာမည်က ဗယာကြော်ဆိုလို့ ငါလည်း ဆာလာတာနဲ့ မုန့်တွေ လျှောက်သတိရကုန်လို့ပါ၊ ကဲ . . ဆက်ပြောပါ"

mgyoe.com

ကျွန်တော့် ဦးလေးက ဗယာကြော်မဟုတ်ပါဘူး၊ ဘယကျော် ပါဗျ၊ ကျွန်တော့်အဖေက ဇေယျာကျော် ကျွန်တော့်အဖေဟာ ကြည် လင်သဒ္ဒါ မြို့ကြီးရဲ့ မြို့စားကြီးပါ။ ကျွန်တော့်အဖေကွယ်လွန်လို့ ရက်လည်ရော ဦးလေးဟာ ကျွန်တော့်ကို မောင်းထုတ်ပြီး ရဲတိုက် ကြီးကို အပိုင်သိမ်းလိုက်တာပဲ"

"အိုမပူပါနဲ့ကွာ ငါတို့ညီအစ်ကိုတွေက မင်းကိုဝိုင်းပြီး ကူညီပါ့ မယ်ကွ၊ မင်း ရသင့်ရထိုက်တဲ့ ရဲတိုက်ကြီးကို ပြန်ရရပါစေမယ်။ ငါ့နာမည်ကို မှတ်ထား ငါ့နာမည်က တစ်လုံးတဲ့"

"ဗျာ . ."

"ဘာဖြစ်တာလဲ၊ ဆန်နာမည်နဲ့လည်းမတူ မုန့်နာမည်နဲ့လည်း မတူပါဘူးကွ၊ ဘဝင်ကျစမ်းပါ"

"ဒါဖြင့် ကျွန်တော်က ကိုတစ်လုံးလို့ခေါ်ရမှာပေါ့"

"အေး . . ဒါသဘာဝကျတာပဲ၊ ငါ့မှာ ညီနှစ်ယောက်ရှိသေး တယ်၊ သူတို့က နှစ်လုံးနဲ့ သုံးလုံးတဲ့ကွ"

"ဒါဖြင့် ဦးလေးက တစ်ပြူး၊ ကြီးဇော်က တစ်လန်၊ ယောက်ဖ က ညောင်ကန်"

"တော်ပါတော့ကွာ၊ မတော်မလျော်တွေ ဆက်ပြီး ဟစ်မနေပါ နဲ့တော့၊ ငါက မျက်လုံးတစ်လုံးထဲမို့ တစ်လုံးလို့ခေါ်တယ်၊ ငါ့ညီ အလတ်က မျက်လုံးနှစ်လုံးမို့ နှစ်လုံးလို့ခေါ်တယ်။ ငါ့ညီအငယ်ဆုံး က မျက်လုံးသုံးလုံးရှိလို့ သုံးလုံးလို့ခေါ်တယ်ကွ၊ ကဲ . . ရှင်းပြီလား"

"ရှင်းပါပြီဗျ"

တစ်လုံးသည် စကားပြောပြီးလျှင် ပြောပြီးချင်း ထွက်ခွာသွား လေ၏။ မကြာမီပင် သူညီနှစ်ယောက်နှင့်အတူ သူသည် ဇီရာရှိရာ

mgyoe.com

mgyoe.com


သို့ ပြန်၍ရောက်လာလေသည်။

ထူးခြားလှသော ညီအစ်ကိုတတွေပင်တည်း။

မျက်လုံးတစ်လုံးသမားက ငယ်ထိပ်တွင် မျက်လုံးရောက်နေသည်ကိုတော့ ဇီရာသိခဲ့ပြီးပါပြီ။ မျက်လုံးသုံးလုံးသမားက နဖူးအလယ်တွင် ပိတ်ထားသော မျက်လုံးတစ်လုံး အပိုပါနေ၏။ မျက်လုံးနှစ်လုံးသမားကမူ သူလိုငါလိုပင်ဖြစ်မည်ဟု ထင်စရာအကြောင်းရှိ၏။ သို့သော် မဟုတ်ချေ။ မျက်လုံးတစ်လုံးမှာ မျက်ခုံးနှစ်ခုကြားမျက်မှောင်အထက်နားလောက်တွင်ရှိနေပြီး ကျန်သောမျက်လုံးတစ်လုံးမှာ နောက်စေ့တွင် ရောက်နေသည်။

"ကိုသုံးလုံးရဲ့အပေါ်က မျက်လုံးတစ်လုံးဟာ ဖွင့်လို့မရဘူးလား"

ဇီရာက မေးလိုက်သဖြင့် သုံးလုံးက "ဖွင့်လို့ရပါတယ်၊ ဒါပေမဲ့ သူ့ကိုဖွင့်ထားရင်း ရယ်မိရင် ဒီမျက်လုံးက ရေတွေဟာ ပြွန်ကထွက်သလို အရမ်းကာရောထွက်လာကုန်ကြရော၊ ဒါကြောင့် ဒီမျက်လုံးကို အလကားနေရင်း ဖွင့်မထားတာ"ဟု ဖြေကြားသည်။

"ကဲ .. ဇီရာ၊ လာကွာ၊ ကြည်လင်သဒ္ဒါမြို့ကြီးကို ပြန်သွားကြမယ်၊ မင့်ဦးလေးယူထားတဲ့ ရဲတိုက်ကြီးကို ပြန်ယူကြမယ်ကွာ" ဟုတစ်လုံးက ခပ်လောလောပြော၏။

ဇီရာက လက်ဝါးကလေးကာပြသည်။

"လောလို့မရဘူးဗျ၊ ရဲတိုက်ကြီးထဲမှာ ဦးလေးဘက်သား မှော်ဆရာကြီးတစ်ယောက်ရှိတယ်။ သူ့ဆီမှာ ဓားကြီးတစ်လက်ရှိတယ်။ အဲဒီဓားကြီးရှိနေသရွေ့ ဦးလေးရဲ့လက်ကို ဘယ်ဓားသမားမှ မမီဘူးဗျ၊ ဘယ်လောက်တော်တော် ဦးလေးကချည်းနိုင်တာပဲ၊ အဲဒီဓား

mgyoe.com

ကြီးကိုအရည်ကျိုပစ်ပြီး မြေကြီးထဲ မြှုပ်ပစ်လိုက်နိုင်ရင် ဦးလေးဟာ ဓားအတက်ကို လုံးဝမတတ်တဲ့လူပြန်ဖြစ်သွားရော”

“ကဲကွာ . . . ဒါဖြင့် မှော်ဆရာကြီးဆီက ဓားကို သွားယူကြမယ်လေ”

“ကိုတစ်လုံးက သိပ်လောတာပဲ၊ ဒီဓားကို ယူရတာလွယ်တယ် များမှတ်လို့လား၊ သူ့အခန်းထဲမှာ ထားပြီး ဒီမှော်ဆရာကြီး ဦးနက်သန်ကိုယ်တိုင်စောင့်ရှောက်နေတယ်။ ပြီးတော့ ဒီမှော်ဆရာကြီးက လူကိုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် အိပ်မွေ့ချပစ်လိုက်တာ မလွယ်ပါဘူးဗျာ”

“မင်းဟာလေ. . . စိတ်ပျက်ဖို့ပဲတတ်တယ်၊ လူမသေသမျှ အကြံမသေဘူးကွ၊ ကြံစည်နိုင်ရင် နည်းလမ်းရတာပဲ၊ လာပါကွာ ငါတို့ကိုသာ ရဲတိုက်ကြီးဆီကိုခေါ်သွားစမ်းပါ”

တစ်လုံး၏ စကားကို သူ့ညီများကပါထောက်ခံ၍ဝိုင်းပြောသဖြင့် ဇီရာသည် သူတို့သုံးယောက်နှင့်အတူ ကြည်လင်သဒ္ဒါမြို့ကြီးဆီသို့ ပြန်ကွေ့ခဲ့ရလေတော့သည်။

မြို့၏အပြင်နားက ရဲတိုက်ကြီးနားသို့ရောက်သောအခါတွင်ကား မိုးချုပ်နေပြီဖြစ်၏။

“မှော်ဆရာကြီး ဦးနက်သန်ရဲ့ အခန်းကို ရိုးရိုးလှေကားက တက်လို့ ရမှာမဟုတ်ဘူး၊ ရဲမက်တော်တွေအပြည့် စောင့်နေကြတယ်။ ကျုံးရေထဲက ငုပ်သွားရင် လိုဏ်ပေါက်တစ်ခုရှိတယ်။ အဲဒီလိုဏ်ပေါက်က လူတစ်ကိုယ်ပဲ ဆန့်တယ်၊ ဆန့်တာမှ တည့်တည့်ရပ်မှ ရတယ်။ ဇက်တောင် လှန်ကြည့်လို့မရဘူး။ လိုဏ်ပေါက်တစ်လျှောက်မှာ ဘေးက သံငုတ်ကလေးတွေထွက်နေတယ်။ သံငုတ်တွေ

mgyoe.com

မီးရောင်တွေ လင်းနေတယ်ဗျ။ အဝါရောင်နဲ့အနီရောင် သံငုတ်တွေချည်းပဲ၊ အနီရောင်သံငုတ်တွေချည်းဘဲ၊ အနီရောင်သံငုတ်တွေကို လက်နဲ့ဆွဲခြေနဲ့ နင်းပြီး လှေကားလိုတက်လို့ရတယ်။ အဝါရောင်သံငုတ်တွေသွားဆွဲမိရင်တော့ ဦးနက်သန်အခန်းမှာ ခွေးဟောင်သံကြီးတွေ ထွက်ပေါ်လာရော၊ အဝါရောင်သံငုတ်ရဲ့ အရင်းကိုရှားစောင်းလက်ပတ်က အရည်တွေနဲ့တို့ရင် ကြွေကျသွားတယ်။ ဘာသံမှမမြည်ဘူး၊ ဒါပေမဲ့ ခက်တာက မှောင်မကြည့်ဘဲ လှမ်းဆွဲရမှာမို့ အဝါရောင် သံငုတ်အနီရောင် သံငုတ်ရွေးရခက်ပြီး မှားဆွဲမိမှာသေချာတယ်။ သံငုတ်တွေက အစီအစဉ်နဲ့ ထွက်နေကြတာမဟုတ်ဘူး၊ ထွက်ချင်သလို ထွက်နေကြတာဗျ"

ဇီရာ၏ စကားအဆုံးတွင် တစ်လုံးက သဘောကျစွာရယ်လိုက်၏။

"ဒါ . . ငါ့တာဝန်ထားပါကွာ ငါတို့ကြည့်ပြီး စီစဉ်ပါ့မယ်၊ မင်းက မြို့ထဲသွားပြီး မင့်ကိုခင်မင်တဲ့ လူတွေကိုသာ စုဆောင်းပြီး ခေါ်ခဲ့ပါ"

ဇီရာလည်း မြို့တွင်းသို့ တိတ်တဆိတ်ဝင်ရောက်ရန် ထွက်သွားလေ၏။ တစ်လုံးသည် သူညီများနှင့် တိုင်ပင်ကာအနီးမှ ရှားစောင်းလက်ပတ်တစ်ကိုင်းကို ဓားဖြင့်လှီး၍ ခါးပိုက်တွင်ဆောင်လျက် ရေငုပ်သွားသည်။

မကြာမီ လိုဏ်ပေါက်ဝကို တွေ့၍လေးဘက်ထောက်ဝင်၏။ တစ်နေရာတွင် ရေနှင့်လွတ်ကာ လိုဏ်ပေါက်သည် တိုက်နံရံများတွင် ကပ်ထားသော ပိုက်လုံးကဲ့သို့မတ်ထောင်နေသည်။

သို့သော် သူ့အတွက်တော့ဘာမျှအခက်အခဲမရှိပါချေ။ သူ့မျက်

 mgyoe.com 

လုံးမှာ ငယ်ထိပ်တည့်တည့်တွင်ရှိသောကြောင့် ဇက်ကိုလှန်ကြည့် စရာမလိုဘဲနှင့် မှောင်ထဲတွင် အလင်းရောင်နှင့်တကွ ထွက်နေသော အဝါရောင်နှင့် အနီရောင်သံငုတ်များကို အထင်းသားမြင်နေရတော့သည်။ လိုဏ်ပေါက်နံရံပတ်လည်တွင် ဟိုနေရာက ထွက် ဒီနေရာက ထွက်နှင့် သံငုတ်တွေထွက်နေ၏။

ခါးပိုက်ထဲက ရှားစောင်းလက်ပတ်အတုံးကို ထုတ်၍လက်လှမ်းမီသော အဝါရောင်သံငုတ်တွေ၏ အရင်းကို အရည်နှင့်တို့၏။ သံငုတ်သည် ခဏအကြာတွင် ကြွေကျသွားသည်။ လက်လှမ်းမီရာတွင် အဝါရောင်သံငုတွေကုန်မှ အနီရောင်သံငုတ်အချို့ကို ဆွဲတက်၍ အချို့အနီရောင်သံငုတ်တွေကို နင်းကာ နောက်တစ်ဆင့် လက်လှမ်းမီသော အဝါရောင် သံငုတ်တို့၏ အရင်းသို့ ရှားစောင်းလက်ပတ်ရည်နှင့်တို့ပြန်လေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းတက်သွားရာ အတန်ငယ်ကြာသော အခါတွင် တစ်လုံးသည်အပေါ်နားသို့ ရောက်ခဲ့လေပြီ။ အပေါ်ဆုံး လက်လှမ်းမီရာတွင် အဝါရောင်သံငုတ်တစ်ခုတည်းသာ ကျန်တော့၏။ ထိုသံငုတ်၏ အရင်းသို့ ရှားစောင်းလက်ပတ်တုံးမှ အရည်နှင့်တို့လိုက်၏။ လက်ရှိန်လွန်သွားသဖြင့် ထိရုံထိမိပြီး ရှားစောင်း လက်ပတ်တုံးမှာ လက်ထဲမှလွတ်၍ကျသွားလေ၏။ နောက်ဆုံးအဝါရောင်သံငုတ်မှာ ရှားစောင်းလက်ပတ်ရည်မဝသဖြင့် ကြွေလုလုသာဖြစ်ပြီးတဲတဲကျန်နေတော့သည်။

ထိုအခါ တစ်လုံးသည် စိတ်မရှည်တော့ဘဲ လက်နှင့်ပုတ်ချလိုက်၏။ အဝါရောင် သံငုတ်ကတော့ ကြွေကျသွားပါသည်။ သို့သော် အပေါ်နားက ဦးနက်သန်း၏အခန်းထဲဝယ် ခွေးဟောင်သံကြီးသည်

mgyoe.com

mgyoe.com


တဝုန်းဝုန်းထွက်ပေါ်လာသံကို တစ်လုံးကိုယ်တိုင်ပင် ကြားလိုက်ရတော့သည်။

မထူးတော့ပြီဖြစ်သဖြင့် တစ်လုံးသည် ရဲရင့်စွာပင် လိုဏ်ပေါက်ထဲမှ သံငုတ်တွေကို နင်းတက်ပြီး မှော်ဆရာကြီး၏ အခန်းထဲသို့ ကိုယ်တစ်ဝက်လေးဘက်ထောက်၍ ပေါ်ထွက်လာလေ၏။

ခွေးဟောင်သံကြောင့် ရန်သူရောက်နေပြီကို သိသဖြင့် မှော်ဆရာကြီးကလည်း အဆင်သင့်စောင့်နေသည်။ တစ်လုံး၏ ကိုယ်တစ်ဝက်ထွက်လာသည်နှင့်တစ်ပြိုင်နက် မှော်ဆရာကြီးက ငုတ်တုတ်ထိုင်ကြည့်၏။

"အလို .. မင့်မျက်လုံးက ငယ်ထိပ်မှာပါကလား။ ကဲ .. တစ်လုံးထဲရှိတဲ့မျက်လုံးနဲ့ ငါ့ကိုကြည့်နေတာကိုး။ အတော်ပဲပေါ့၊ ဟော့ကောင် မင်းချက်ချင်းအိပ်ချင်လာပြီ၊ အိပ်ပျော်တော့မယ်"

ဤသို့ပြောရင်းက သာသာယာယာအသံဖြင့် ဆက်ပြောပြန်သည်။

"ကြယ်ကလေးတွေ တိမ်ညိုရိပ် .. မျက်လုံးတစ်လုံးဟာ မှိတ်မှိတ် မှိတ်မှိတ်၊ ရွှေကြက်တွေလည်း မတွန်ဆိတ် . . . မင်းလည်း အားရပါးရအိပ် .. အိပ်အိပ်"

သူ့စကားအဆုံးတွင် တစ်လုံးသည် ကိုယ်တစ်ဝက်ထွက်လျက်ပင်ကြမ်းပေါ်တွင်ပုံလျက်သားအိပ်ပျော်သွားလေ၏။ ဦးနက်သန်သည်သူ့ကိုဆွဲယူသွား၍ အနီးက ခုံရှည်ပေါ်တွင်သိပ်ထားလိုက်သည်။

ထိုအခိုက်တွင် မူလအစီအစဉ်အတိုင်း အချိန်ကိုမှန်းဆ၍ နှစ်လုံးသည်လိုဏ်ပေါက်မှတက်လာနေလေပြီ။ အဝါရောင် သံငုတ်

mgyoe.com